Myanmar's military has bought MiG-29 and Su-30 multi-role aircraft, Yak-130 jet trainer and light combat aircraft, Mi-17 transport helicopters and Mi-24 helicopter gunships from Russia.

The Russian pilots have arrived as the military regime mounts increasingly frequent air attacks on ethnic armed organizations fighting for greater autonomy and on local People's Defense Force groups that emerged after the military coup last year. The visit also coincides with attacks on the houses of Myanmar junta pilots allegedly involved in junta airstrikes after their names and addresses were leaked on social media.




A Russian-made Mi-24 attack helicopter of the Myanmar Air Force / Myanmar Defence Weapon

Myanmar's bilateral relations with Russia have reached a new level since the coup, regime spokesman Major General Zaw Min Tun said in August last year. "Russia plays the central part in Myanmar's air defense systems, followed by China. And the cooperation between the air forces is expanding," the spokesman told reporters.

Russian Defense Minister Sergei Shoigu visited Myanmar just a few days before the coup, and pledged to sell air defense weaponry to Myanmar during his visit. Russian Deputy Defense Minister Alexander Fomin attended Myanmar's Armed Forces Day parade in Naypyitaw in March.

The Russian navy warship Gremyashiy made a friendly visit to Myanmar in October, and coup leader Min Aung Hlaing met the Russian delegation led by Russian deputy navy chief Vice Admiral Vladimir Lvovich Kasatonov aboard the ship.

https://www.irrawaddy.com/news/burma/russian-military-pilots-visit-myanmar-as-junta-steps-up-air-strikes.html

---------------------------------------------------------------------------------------------------

## Cambodia's Hun Sen gives up on Myanmar

The prime minister and ASEAN chair says he will pass the crisis on to his successor.

2022.02.16

Hun Sen officially threw in the towel on solving Myanmar's political crisis Wednesday, as top diplomats from the Association of Southeast Asian Nations (ASEAN) prepare for a retreat at which the junta's failure to honor its commitments will likely loom large.



Cambodia's Prime Minister Hun Sen (L) and Myanmar's military chief Min Aung Hlaing (R) on screens during their video meeting, Jan. 26, 2022. RFA

Only a month and a half into assuming the rotating leadership of ASEAN, Cambodia's prime minister admitted that Myanmar's military regime has made no progress in resolving the situation in the country and said it is unlikely to do so during the remainder of his year as chair.

"I'm in a situation where I'm damned if I do and damned if I don't, so just let it be," the Cambodian strongman said while speaking in front of dignitaries, including Japanese Ambassador Mikami Masahiro, at the unveiling of a bridge in Kratie province.

"If they don't want to do it, we don't need to worry. How can the cart move forward when the oxen are in front of it?"

Hun Sen noted that there are "only 10 more months and 14 days left and my duty [as ASEAN chair] will be finished" and suggested that "the next chair of ASEAN take care of the issue" because of its difficulty.

Hun Sen's comments followed a Jan. 7-8 trip to Myanmar — the first by a foreign leader since the military coup — that drew widespread criticism for conferring legitimacy on the regime. The visit came barely two weeks after Hun Sen urged junta chief Sr. Gen. Min Aung Hlaing during a video conference to uphold an agreement that he struck with ASEAN last year, known as the Five-Point Consensus.

Min Aung Hlaing, who led the Feb. 1, 2021, overthrow of Myanmar's democratically elected government, agreed to the consensus when he met ASEAN leaders in Jakarta last April at a summit convened to address the crisis in Myanmar.

The agreement calls for an end to violence, dialogue between the junta and the deposed National League for Democracy (NLD), and for the ASEAN special envoy and delegation to visit Myanmar to meet with all parties concerned.

Myanmar marked the first anniversary of the coup with no progress on those issues, while in the past year, security forces have arrested nearly 9,160 civilians and killed more than 1,550. Military conflict has engulfed large swathes of the country of 54 million, displacing more than 400,000 people.

Hun Sen's comments also came amid reports that Myanmar would not be sending a representative to Wednesday's Foreign Ministers' Retreat, days after the junta criticized fellow ASEAN member states for not extending invitations to its generals to bloc summits. ASEAN has barred high-ranking officials from the junta since Oct. 15 for failing to fully abide by the Five-Point Consensus.



Junta Foreign Minister Wunna Maung Lwin attends the ASEAN Foreign Minister Retreat via video conference, March 2, 2021. HANDOUT / AFPTV / MYANMAR RADIO AND TELEVISION / AFP

**Prospects for change**

Speaking to RFA's Khmer Service, Cambodian political commentator Em Sovannary said that Hun Sen had handled the situation in Myanmar poorly, in part by failing to meet with NLD leader Aung San Suu Kyi during his visit to the country last month.

But he suggested that the situation was not hopeless, given plans for the ASEAN special envoy to visit Myanmar later this year.

"It isn't a totally deadlocked yet. So, let's try to begin [a different way]," he said. "If we keep trying, we cannot say it is over."

But Moe Thuzar, a Burmese expert on ASEAN affairs based in Singapore, said the bloc's position will not change until the junta shows progress.

"It has got to the point where ASEAN's decision [not to invite the military's representatives] is the 'default,'" he said. "ASEAN will maintain this default position until they see junta implementing the Five-Point Consensus agreements, seriously and fully."

Hla Kyaw Zaw, a Myanmar analyst based in China, said she expects most ASEAN member states to continue pressuring the junta until it improves the situation inside the country.

"The more the junta oppresses civilians, the more ASEAN countries will keep their distance," she said. "They will be too afraid to show their support."

Attempts by RFA to contact junta spokesman Maj. Gen. Zaw Min Tun for comment on Myanmar's absence from the upcoming retreat went unanswered Wednesday.

In a statement on Feb. 14, the junta's foreign ministry said that ASEAN's decision was not in line with the bloc's charter, which pledges to respect the sovereignty of member nations, as well as basic principles of the U.N. charter.

Burmese political analyst Sai Kyi Zin Soe told RFA that he sees no situation in which ASEAN will give in to Myanmar's military regime if it chooses not to implement the Five-Point Consensus.

"I assume that ASEAN members must be thinking that if they give in it will put the people of Myanmar into deeper crisis or create a tougher situation for political stakeholders in the country and prolong the power of the military regime, instead of leading to an effective solution," he said.

***Reported by RFA's Khmer Service and Myanmar Service. Translated by Sok Ry Sum and Ye Kaung Myint Maung. Written in English by Joshua Lipes.***

https://www.rfa.org/english/news/myanmar/towel-02162022174658.html

---------------------------------------------------------------------------------------------

## Letting Junta Defend Myanmar in Rohingya Genocide Case Sets Troubling Precedent

By Parvej Siddique Bhuiyan | 16 February 2022

Following the Myanmar military-led "clearance operation" that forced 750,000 Rohingya to flee to neighboring Bangladesh in 2017, the West African nation of Gambia in November 2019 brought a case before the International Court of Justice (ICJ) accusing Myanmar of violating the 1948 Genocide Convention. Later on, in response to the court's unanimously indicated legally binding provisional measures to protect the Rohingya from further atrocities, on January 2021, Myanmar's then National League for Democracy (NLD) government filed preliminary objections to the jurisdiction of the court and the admissibility of the application.

In this context, the ICJ recently announced that it will hold a fresh round of hearings from Feb. 21-28 in the Great Hall of Justice in which the regime's leaders will be potential defendants, sparking speculation that the court is implicitly taking a position in the ongoing civil war and legitimizing the unrecognized military regime. It is worth noting that the junta-formed State Administration Council (SAC) and the civilian National Unity Government (NUG) have been struggling for recognition from the international community since the *coup d'état* in February 2021.

When UN investigators concluded that the military's crimes against Rohingya Muslims in 2017 had "genocidal intent," both the civilian government led by Daw Aung San Suu Kyi and the military denied the accusation. In 2019, Daw Aung San Suu Kyi even personally attended hearings to defend the military against genocide and crimes against humanity charges. However, the army's takeover in February 2021 has put an end to Myanmar's "quasi-democratic process," preventing her from representing the country at the ICJ, the UN's top judicial body. Meanwhile, the military administration has organized a new legal team led by its foreign minister, U Wunna Maung Lwin, to mount a defense in the genocide case.

Accepting representation from the illegitimate military regime under the UN system and international law would contradict the UN General Assembly stance taken in December 2021 that firmly rejected the junta's credentials, leaving U Kyaw Moe Tun (who is aligned with the NUG) as Myanmar's incumbent permanent representative to the United Nations. It would imply that the ICJ acknowledges the Tatmadaw (Myanmar's military) as the rightful representatives of Myanmar, despite the fact that no UN member state, UN agency, or other international organization has formally recognized the junta government. Though the ICJ has no jurisdiction to decide who lawfully represents Myanmar, UN General Assembly Resolution 396 (V) (1950) specifies that the decision of the Credentials Committee should be taken into consideration by other UN bodies when deciding on member state representation.

Again, the court cannot disregard the UN resolution passed in June 2021 that condemned the coup in the "strongest terms" and demanded a fully inclusive civilian government, in which 116 countries voted in favor and just one (Belarus) voted against.

Whoever represents Myanmar must represent its people. However, following the junta's mass killings and atrocities in the ethnic states of Rakhine, Chin, Kachin, Shan and Karen since the coup, the people of Myanmar have clearly rejected the regime, which could be charged with "crimes against humanity" by the International Criminal Court (ICC). So, allowing unlawful officials who overthrew civilian governments would thus undermine the UN Charter and call the court's role in promoting the rule of law into question. According to a recent statement issued by the NUG, the court risks setting a "dangerous precedent" that would be detrimental to Myanmar and its people including the Rohingya.

It is understandable that the junta will leverage the hearings to gain substantial de jure recognition as the legitimate government of Myanmar within other UN bodies and beyond. As a result, the moral and strategic positions of international state actors to deny mass-murderous military acceptance will be weakened to some extent. Similarly, it would send a terrible message to the civil society groups that are demanding the restoration of democracy and human rights in Myanmar. In a joint letter to the ICJ president, Legal Action Worldwide (LAW), along with Fortify Rights and the Myanmar Accountability Project (MAP), argued that the court's acceptance of the junta to represent the country "would risk legitimizing the junta's unlawful seizure of power." Importantly, in a letter, 807 Rohingya refugees in Bangladesh's Cox's Bazar camp urged the president of the ICJ to reconsider any act that could give legitimacy to the junta and move forward with substantive hearings on the case.

The junta's representation in the legal proceedings could further complicate the implementation of the ICJ ruling, because the regime lacks effective control over the administration of Rakhine State's key functions like taxation, revenue collection, and territorial stability. The Arakan Army (an anti-junta ethnic armed organization based in Rakhine) claims to control 60 percent of the Rakhine State administration and collects household revenues from both the Rohingya and the rest of the population.

The ICJ should also note the junta's failure to uphold the "provisional measures of protection." In a flagrant violation of the ICJ's decisions, new evidence revealed in an order issued by the junta-run General Administration Department of Buthidaung Township in Rakhine State demonstrates the regime's draconian denials of freedom of movement, preventing Rohingya from accessing livelihoods, health care, and other aspects of basic survival. The NUG, on the other hand, has proposed two realistic measures for a sustainable solution of the crisis. The first is agreeing to grant full citizenship rights to all Rohingya people, and the second is formally withdrawing all preliminary objections in the case by admitting past atrocities committed against Rohingya people.

However, it is unlikely that either the NUG's or the junta's representation at the ICJ will have any direct practical ramifications for the court proceedings. Because defining the legal authority of Myanmar is not the subject of the Gambia v. Myanmar case. So, whoever

represents Myanmar, the ICJ should proceed on substantive grounds that war crimes, crimes against humanity, and/or genocide have occurred in Rakhine.

*Parvej Siddique Bhuiyan is a security and strategic affairs analyst focused on South Asia.*

[https://www.irrawaddy.com/opinion/guest-column/letting-junta-defend-myanmar-in-rohingya-genocide-case-sets-troubling-precedent.html](https://www.irrawaddy.com/opinion/guest-column/letting-junta-defend-myanmar-in-rohingya-genocide-case-sets-troubling-precedent.html)

---------------------------------------------------------------------------------------------

## NCA သက်သေထားပြီး ကိုမြအေး ကိုယ်တိုင် ထုချေထွက်ဆို

By ဧရာဝတီ | 16 February 2022

စစ်တပ်အာဏာသိမ်းကတည်းက ဖမ်းဆီးချုပ်နှောင်ခံထားရသည့် ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်တဦးဖြစ်သူ ကိုမြအေးက ၎င်းအပေါ် စွပ်စွဲကာတရားစွဲဆိုထားမှုအား တနိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) အချက်အလက်များအား သက်သေထားကာ ယမန်နေ့ရုံးချိန်းတွင်း ကိုယ်တိုင်ထုချေထွက်ဆိုခဲ့သည်။

ကိုမြအေးအနေဖြင့် ဦးသိန်းစိန်အစိုးရလက်ထက် ၂၀၁၄ ခုနှစ်တွင် တရုတ်နိုင်ငံသားဖြစ်သူ မင်းသိမ်းဆိုသူနှင့် အီးမေးလ် (E-mail) ကတဆင့် ဆက်သွယ်ပြောဆိုခဲ့သည်ဟုစွပ်စွဲကာ မလ်ာတောင်ညွှန့်မြို့နယ် ဒုရဲမှူးဇော်မင်းသူဆိုသူက တရားလိုပြုလုပ်၍ ရာဇသတ်ကြီး ဥပဒေပုဒ်မ ၅၀၅-ဂ ဖြင့် တရားစွဲဆိုထားခြင်းဖြစ်သည်။

ရှေ့နေဖြစ်သူက "ဦးမြအေးကြောင့် ဘယ်သူ လူတဦးတယောက်မှ ပြစ်မှုကျူးလွန်ခဲ့တာမျိုးမရှိဘူး၊ နိုင်ငံတနိုင်ငံနဲ့ တနိုင်ငံကြား၊ လူမျိုး တခုနဲ့ တခုကြား ပြစ်မှုဖြစ်ပွားခဲ့တာ မရှိဘူး။ ဦးမြအေးက ငြိမ်းချမ်းရေးအတွက်ပဲ အစဉ်တစိုက် ကြိုးစားခဲ့တယ်၊ အစိုးရတရပ်ပေးတဲ့ တာဝန်ပေးချက်အပေါ်မှာ မူတည်ပြီး တာဝန်ကျေအောင် ဆောင်ရွက်ခဲ့တာ တွေ့တယ်၊ ဒီအမှုကို ကျူးလွန်ခဲ့တာမျိုး မတွေ့ဘူး" ဟု ပြောသည်။

ရာဇသတ်ကြီးဥပဒေပုဒ်မ ၅၀၅-ဂ တွင် "လူအမျိုးအစား အချင်းချင်းဖြစ်စေ၊ လူမျိုးစုအချင်းချင်းဖြစ်စေ၊ တဖက်နှင့်တဖက် ပြစ်မှု ကျူးလွန်အောင် လှုံ့ဆော်ရန်အကြံရှိလျှင် သို့တည်းမဟုတ် အဆိုပါ လှုံ့ဆော်ခြင်းကို ဖြစ်စေတန်ရာသည့် အကြောင်းရှိလျှင်" နှစ်နှစ်အထိ ထောင်ဒဏ်တမျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်ဟု ဖော်ပြထားသည်။

၈၈ ငြိမ်းချမ်းရေးနှင့်ပွင့်လင်းလူ့အဖွဲ့အစည်းတွင် ငြိမ်းချမ်းရေးတာဝန်ခံတဦးအဖြစ် တာဝန်ယူခဲ့သူ ကိုမြအေးအနေဖြင့် ဦးသိန်းစိန်လက်ထက် တိုင်းရင်းသားလက်နက်ကိုင်များနှင့် အပစ်အခတ်ရပ်ဆဲရေး ကြိုးပမ်းစဉ်က ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုကရက်တစ် တပ်ဦး (ABSDF) နှင့် အစိုးရကြား အသိသက်သေအဖြစ် ပါဝင်ဆောင်ရွက်ခဲ့သူဖြစ်သည်။

ယင်းအတွက် ၎င်း၏ဆက်သွယ်ခဲ့မှုများနှင့် ပတ်သက်ပြီး စစ်ကောင်စီစွပ်စွဲချက်အပေါ် ထုချေသည့်အနေဖြင့် NCA လက်မှတ်ရေးထိုးစဉ်က ပါဝင်လက်မှတ်ရေးထိုးမှုများ၊ မြန်မာ့ငြိမ်းချမ်းရေးစင်တာတွင် ပြုလုပ်ခဲ့သည့် စာချုပ်စာတမ်း လက်မှတ်ရေးထိုးမှုများအား သက်သေခံ တင်ပြခဲ့ခြင်းဖြစ်ပြီး အပြစ်မရှိကြောင်းလည်း တရားခွင်တွင် ကိုမြအေးက ထွက်ဆိုခဲ့ကြောင်း သိရသည်။

လက်ရှိတွင် ကိုမြအေးအနေဖြင့် ဖမ်းဆီးချုပ်နှောင်ခံထားရသည်မှာ တနှစ်ကျော်ပြီဖြစ်ပြီး နှလုံးနှင့် ပတ်သက်သည့် ရောဂါအခံအပြင် ထောင်အတွင်းနေစဉ် ခြေထောက်ပိုးဝင်သည့် ရောဂါဝေဒနာထပ်မံခံစားနေရပြီး အပတ်စဉ် ဆေးရုံပြသ ကုသနေရဆဲဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့် ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းမဖြစ်ခင်ကလည်း ထောင်အတွင်း ချော်လဲကာ သတိလစ်မေ့မြောသွားခဲ့သည့်အတွက် ဆေးရုံးတက်ရောက်ကာ ကုသမှုခံယူခဲ့ရသေးသည်။

၎င်း၏ရှေ့နေဖြစ်သူက "ဦးမြကြ ဆေးရုံကို ရောက်သွားတာမြန်လို့။ ပေါင်ရင်းက သွေးကြောပိတ်ပြီး နလုံးကို ထိနိုင်တဲ့ အနေအထား တောင်ရှိနိုင်တယ်။ မမြန်ခဲ့ရင် အသက်အန္တရာယ် စိုးရိမ်ရတဲ့ အနေအထားမှာ ရှိတယ်။ ဒါပေမယ့် အခုထိ ဂရုစိုက်နေရတုန်း။ အထဲမှာက ရေအိမ် သန့်ရှင်းရေး ဘာညာ အားနည်းတော့ ပိုးဝင်တာတွေဘာတွေ မဖြစ်အောင် ဂရုစိုက်ရအောင်။ အထဲမှာလည်း ဖျားနာတာတွေ ရှိတော့ တောက်လျှောက်ကတော့ စိုးရိမ်တာတွေ ဖြစ်နေရပါတယ်" ဟု ပြောသည်။

အင်စိန်းထောင်အတွင်း ချုပ်နှောင်ခံထားရသည်မှာ တနှစ်ကျော်လာပြီဖြစ်သည့် ကိုမြအေးအနေဖြင့် လတ်တလော တရားရင်ဆိုင်ရမှုအား အမြန်ပြီးပြတ်ချင်သည့် ဆန္ဒရှိပြီး ပြီးပြတ်ပါက ဆေးရုံးတက်ကာ ကုသမှုခံယူမည်ဖြစ်ကြောင်းလည်း သိရသည်။

လက်ရှိတွင် ကိုမြအေးအနေဖြင့် အခြားသက်သေများ တင်ပြခြင်းမရှိသည့်အတွက် လာမည့် မတ်လ ၁ ရက်နေ့ ရုံးချိန်းတွင် နှစ်ဖက်ရှေ့နေများ အပြီးသတ်လျှောက်လဲချက်ပေးကြမည်ဖြစ်ပြီး မတ်အတွင်းမှာပင် အမိန့်ချဖွယ်ရှိနေသည်။

https://burma.irrawaddy.com/news/2022/02/16/249972.html

---

## နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးကို အလေးထားကြိုးပမ်းဆောင်ရွက်သွားရန် မွန်ညီညွတ်ရေးပါတီ တိုက်တွန်း

Published 16 February 2022 | ဘိုဘိုမြင့်

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးကို အလေးထားကြိုးပမ်းဆောင်ရွက်သွားရန် ဖေဖော်ဝါရီ ၁၆ ရက်တွင် ကျရောက်သည့် (၇၅) နှစ်မြောက် စိန်ရတုမွန်အမျိုးသားနေ့သို့ မွန်ညီညွတ်ရေးပါတီ (MUP) က သဝဏ်လွှာ ပေးပို့သည်။

လက်ရှိနိုင်ငံအတွင်းဖြစ်ပေါ်နေသော  အခြေအနေကို သက်ဆိုင်ရာအင်အားစုများအနေဖြင့် စိတ်ရှည်သည်းခံမှု၊ အကြမ်းဖက်မှုများ မဖြစ်ပေါ်လာရေး ညင်သာစွာကိုင်တွယ်ဆောင်ရွက်ပေးကြပါရန်နှင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြစ်သော စေ့စပ်ညှိနှိုင်းဆွေးနွေးအဖြေရှာသည့်နည်းဖြင့် ဖယ်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးကို ရှေးရှု၍ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးကို အလေးထားကြိုးပမ်းဆောင်ရွက်သွားရန် တိုက်တွန်းလိုပါကြောင်း မွန်ညီညွတ်ရေးပါတီ (MUP) က (၇၅) နှစ်မြောက်စိန်ရတုမွန်အမျိုးသားနေ့ (ဗဟို)သို့ သဝဏ်လွှာပေးပို့သည်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင် တပ်မတော်က နိုင်ငံတော်အာဏာကိုလွှဲပြောင်းရယူခဲ့သည့် အခြေအနေအား ပကတိအရှိတရားအပေါ် ဆင်ခြင်သုံးသပ်ပြီး မွန်တစ်မျိုးသားလုံး၏ အကျိုးစီးပွားအတွက် သိမ်မွေ့ညင်သာသော တွေ့ဆုံဆွေးနွေးအဖြေရှာသည့် နည်းလမ်းကို လျှောက်လှမ်းကာ မွန်လူမျိုးတို့သာမက တိုင်းရင်းသားအားလုံး လိုလားနေသော စစ်မှန်သည့် ဖယ်ဒရယ်ဒီမိုကရေစီပြည်ထောင်စု၊ တစ်နည်းအားဖြင့် တန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့်ရရှိရေးအတွက် ဆက်လက်ရှန်းကန်ကြိုးစားသွားရမည်ဖြစ်ကြောင်း မွန်ညီညွတ်ရေးပါတီ၏ သဝဏ်လွှာတွင် ဖော်ပြထားသည်။

မည်သည့်အခြေအနေတွင်မဆို မိမိတို့ရည်မှန်းထားသော တန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့်ကို အာမခံချက်ပေးနိုင်သော ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုပေါ်ထွန်းရန်မှာ စည်းလုံးညီညွတ်မှုသည်သာ အဓိကကျသောကြောင့် သဘောထားကြီးစွာဖြင့် ညှိနှိုင်းအဖြေရှာကြရင်း၊ တစ်နိုင်ငံလုံးငြိမ်းချမ်းမှုရရှိအတွက် အပတ်တကုတ်ကြိုးပမ်းဆောင်ရွက်ကြပါစို့ဟု သဝဏ်လွှာတွင်ပါရှိသည်။

https://news-eleven.com/article/225839

---------------------------------------------------------------------------------------------------------

## အကြမ်းဖက်စစ်ကောင်စီအား ဖယ်ရှားမှသာ ဖက်ဒရယ်ဒီမိုကရေစီစနစ် တည်ထောင်နိုင်မည်ဟု မွန်အတိုင်ပင်ခံကောင်စီ ကြေညာ

Published By DVB | 16 February, 2022

တိုင်းရင်းသားပြည်သူအားလုံး လိုလားတဲ့ ဖက်ဒရယ်ဒီမိုကရေစီစနစ် တည်ထောင်နိုင်ဖို့အတွက် မင်းအောင်လှိုင်ဦးဆောင်တဲ့ အကြမ်းဖက်စစ်ကောင်စီအား ဖယ်ရှားပြီးမှသာလျှင် ပြုလုပ်နိုင်မှာဖြစ်တယ်လို့ မွန်ပြည်နယ်အတိုင်ပင်ခံကောင်စီကလည်း ဒီကနေ့ကျရောက်တဲ့ ၇၅ နှစ်မြောက် စိန်ရတု မွန်အမျိုးသားနေ့မှာ ထုတ်ပြန်ပြောဆိုပါတယ်။

ဒီတော်လှန်ရေးကြီးမှာ မိမိတို့မွန်လူမျိုးတွေအနေနဲ့ တတ်နိုင်တဲ့ အခန်းကဏ္ဍမှနေပြီး တိုင်းရင်းသား လက်နက်ကိုင်တွေ၊ တော်လှန်ရေးအင်အားစုတွေနဲ့ အတူတကွ လက်တွဲကာ အကြမ်းဖက် စစ်ကောင်စီအားဆန့်ကျင် တော်လှန်ဖို့လည်း တိုက်တွန်းထားပါတယ်။

မင်းအောင်လှိုင်ဦးဆောင်တဲ့ အကြမ်းဖက်စစ်ကောင်စီဟာ တိုင်းရင်းသားပြည်သူတွေ အထိုက်အလျောက် ရရှိနေပြီးဖြစ်တဲ့ ဒီမိုကရေစီအသီးအပွင့်ကို ရိုက်ချိုးဖျက်ဆီးလိုက်တာကြောင့် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးမှ စစ်အာဏာရှင်စနစ်အမြစ်ပြတ်ရေးအတွက် နည်းအမျိုးမျိုးနဲ့ တော်လှန်ရုန်းကန် တိုက်ပွဲဝင်နေကြရကြောင်းလည်း မွန်ပြည်နယ်အတိုင်ပင်ခံကောင်စီက ထုတ်ပြန်ထားပါတယ်။

မွန်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဖြစ်တဲ့ မွန်ပြည်သစ်ပါတီကတော့ လက်နက်ကိုင်တော်လှန်ရေးလမ်းစဉ်အပေါ် အခိုင်အမာဆက်လက်ရပ်တည်လျက်ရှိပြီး တဖက်မှာလည်း နိုင်ငံရေးဆွေးနွေးရေးအရ ဆွေးနွေးအဖြေရှာမှုများအတွက်လည်း တံခါးဖွင့်ထားကြောင်း ထုတ်ပြန်ပါတယ်။

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် NCA ရဲ့ အနှစ်သာရကို ဆုပ်ကိုင်ထားပြီး နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းနဲ့ ငြိမ်းချမ်းစွာအဖြေရှာရေး၊ နိုင်ငံရေးဆွေးနွေးပွဲမှာ သက်ဆိုင်သူအားလုံး ပါဝင်ရေး၊ အရပ်သားတွေကို အကာအကွယ်ပေးရေး အချက်တွေကို ခိုင်မာစွာဆုပ်ကိုင်ပြီး ဘဝတူတိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေး အင်အားစုတွေနဲ့ လက်တွဲကာ နိုင်ငံရေးဆိုင်ရာကိစ္စရပ်တွေကို ရှေ့ဆက်ဆောင်ရွက်မယ်လို့လည်း ဆိုပါတယ်။

ယနေ့နိုင်ငံရေးပြဿနာဟာ အနေအထားသစ်တစ်ရပ်သို့ ရွေ့လျားပြောင်းလဲရောက်ရှိနေပြီး Stakeholder သစ်တွေလည်း ပေါ်ပေါက်လာတဲ့အတွက် နိုင်ငံရေးဆွေးနွေးမှုပုံစံ အခင်းအကျင်းသစ် တရပ်ရပ်ကို တောင်းဆိုလာနေကြောင်း ဒီကနေ့ ကျရောက်တဲ့ ၇၅ နှစ်မြောက် မွန်အမျိုးသားနေ့မှာ မွန်ပြည်သစ်ပါတီ NMSP က သဘောထားထုတ်ပြန်ပါတယ်။

နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းနဲ့သာ ဖြေရှင်းရမှာဖြစ်ပေမဲ့ လက်ရှိအချိန်မှာ လက်နက်ကိုင်တိုက်ပွဲသဏ္ဍာန် အရှိန်အဟုန်မြင့်တက်နေတဲ့အတွက် နိုင်ငံရေးဆွေးနွေးပွဲ အလားအလာနည်းနေသေးကြောင်း မွန်ပြည်သစ်ပါတီရဲ့ ထုတ်ပြန်ချက်မှာ ဖော်ပြပါတယ်။

အမျိုးသားညီညွတ်ရေးအစိုးရ NUG ကတော့ စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေး၊ စစ်မှန်သော ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်နိုင်ရေးအတွက် နှစ်ပေါင်း (၇၀) ကျော် အသက်သွေးချွေးပေးအပ်ပြီး တိုက်ပွဲဝင်ခဲ့ကြတဲ့ မွန်လူမျိုးတို့အား ဦးညွှတ်ဂုဏ်ပြုပါကြောင်းနဲ့ နွေဦးတော်လှန်ရေးမှာ ဖက်ဒရယ် ဒီမိုကရေစီအရေးအတွက် တိုက်ပွဲဝင်ခဲ့ကြတဲ့ မွန်ပြည်သူတွေ၊ မွန်လူငယ်တွေ၊ မွန်အမျိုးသမီးတွေ၊ မွန်ကျောင်းသားတွေကို အထူးပင် ဦးညွှတ်ဂုဏ်ပြုပါကြောင်း ဒီကနေ့ ကျရောက်တဲ့ ၇၅ နှစ်မြောက် မွန်အမျိုးသားနေ့အထိမ်းအမှတ် သဝဏ်လွှာကို ပေးပို့ ပြောဆိုလိုက်ပါတယ်။

မွန်အမျိုးသားနိုင်ငံရေးအင်အားစုတွေဟာလည်း တခြားသောတိုင်းရင်းသား ပြည်သူတွေနဲ့အတူ စစ်အာဏာရှင်စနစ်အောက်မှ ပြည်သူ့ဘဝလွတ်မြောက်ရေး၊ ဒီမိုကရေစီနှင့်လူ့အခွင့်အရေး၊ တန်းတူညီမျှရရှိရေးနဲ့ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေး စတဲ့ နိုင်ငံရေးဦးတည်ချက်တွေနဲ့ စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေး ပြည်သူ့ဘဝ လွတ်မြောက်ရေးအတွက် စုစည်းလက်တွဲပြီး ဆောင်ရွက်နေတာတွေ့ရကြောင်းလည်း NUG ရဲ့ သဝဏ်လွှာမှာ ပါရှိပါတယ်။

အပစ်ရပ် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဥ် ဦးဆောင်အဖွဲ့ PPST ကလည်း ဒီကနေ့အထိ မပြီးဆုံးသေးပဲ စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်နေရဆဲဖြစ်တဲ့ ဖယ်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးလမ်းခရီးမှာ မွန်အမျိုးသားတွေအနေနဲ့ ညီနောင်တိုင်းရင်းသားတွေနဲ့တူ လက်တွဲမြဲမြံစွာ မဆုတ်မနစ် ကြိုးပမ်းချီတက်မယ်လို့ ယုံကြည်ကြောင်း စိန်ရတုမွန်အမျိုးသားနေ့အတွက် ပေးပို့တဲ့ ဂုဏ်ပြုသဝဏ်လွှာမှာ ဖော်ပြထားပါတယ်။

ဒီကနေ့ ကျရောက်တဲ့ ၇၅ နှစ်မြောက်မွန်အမျိုးသားနေ့ အထိမ်းအမှတ်ပွဲတွေကို ရန်ကုန်အပါအဝင်  မွန်ပြည်နယ်၊ ကျိုက်မရော၊ ရေး၊ ပေါင် စတဲ့မြို့တွေမနဲ့ မွန်ပြည်သစ်ပါတီဌာနချုပ်မှာ ကျင်းပခဲ့ကြပါတယ်။

http://burmese.dvb.no/archives/517344

------------------------------------------------------------------------------------------------------------

## တော်လှန်ရေးကာလ တာဝန်သိပြည်သူများ အခွန်ထမ်းဆောင်နိုင်ပြီဖြစ်ကြောင်း NUG ထုတ်ပြန်

Published By DVB | 16 February, 2022




နွေဦးတော်လှန်ရေးကာလ တာဝန်သိပြည်သူတွေအနေနဲ့ အခွန်ထမ်းဆောင်နိုင်ပြီဖြစ်ကြောင်း အမျိုးသားညီညွတ်ရေးအစိုးရ (NUG)၊ ပြည်တွင်းအခွန်များ ဦးစီးဌာနက ထုတ်ပြန်လိုက်ပါတယ်။

အခွန်ထမ်းပြည်သူတွေ အခွန်ထမ်းဆောင်နိုင်ဖို့ ပုံစံ(က) လျှောက်လွှာတွေ ဖေဖော်ဝါရီ ၁၅ ရက်က စတင်ကာ ပြန်လည်ရယူနိုင်ပြီး နိုင်ငံကြီးသားပီသစွာ အခွန်ထမ်းဆောင်နိုင်ကြပြီလို့ ဆိုပါတယ်။

ဒါ့အပြင် တော်လှန်ရေးကာလ တာဝန်ကျေပွန်တဲ့ အခွန်ထမ်းပြည်သူတွေကိုလည်း ပြည်တွင်းအခွန်များဦးစီးဌာနက အထူးပင်ကျေးဇူးတင်ကြောင်းလည်း ဖော်ပြထားပါတယ်။

မြန်မာနိုင်ငံမှာ အကြမ်းဖက်စစ်အုပ်စုက မတရားအာဏာသိမ်းယူခဲ့တဲ့အပေါ် ပြည်သူတရပ်လုံးက လက်မခံဘဲ ခုခံတော်လှန်ခဲ့ကြတဲ့ နွေဦးတော်လှန်ရေးကာလဟာ တနှစ်ကျော် ကြာမြင့်လာခဲ့ပြီ ဖြစ်ပါတယ်။

ဒီကာလတွေအတွင်း နိုင်ငံရေးမတည်ငြိမ်မှုတွေနဲ့အတူ စစ်အုပ်စုဆီ လျှပ်စစ် မီတာခွန်၊ ရေခွန်၊ မြေခွန်၊ လုပ်ငန်းခွန်စတဲ့ အခွန်မဆောင်ရေးလှုပ်ရှားမှုတွေ၊ သွေးစွန်းငွေ ကြေးစီးဆင်းမှု ဖြတ်တောက်ရေးလှုပ်ရှားမှုတွေကိုပါ အရှိန်အဟုန်နဲ့ ဆက်လက်လုပ် ဆောင်နေကြတာပါ။

http://burmese.dvb.no/archives/517248

------------------------------------------------------------------------------------------------------

## ပုလဲတွင် ပျူစောထီးရွာများကို PDF ဝင်တိုက် ၄၀ ကျော်သေဆုံး

By ဧရာဝတီ | 16 February 2022

စစ်ကိုင်းတိုင်း၊ ပုလဲမြို့နယ်အတွင်းရှိ လက်နက်ကိုင် ပျူစောထီး ကျေးရွာများဖြစ်သည့် ဇီးဖြူကုန်းနှင့် အင်မထီးတို့ရှိ စခန်းများကို ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF) များက တိုက်ခိုက်ခဲ့ပြီး စခန်းတခုကိုလည်း ဝင်ရောက်စီးနင်း သိမ်းပိုက် ခဲ့ကြောင်း မြို့နယ်တော်လှန်ရေးအင်အားစုများထံမှ သိရသည်။

ဇီးဖြူကုန်း ကျေးရွာအနီးရှိ စစ်ကောင်စီ တပ်ဖွဲ့ဝင်များနှင့် ပျူစောထီးများရှိရာ တပ်စခန်းကို မြန်မာ့တော်ဝင်နဂါး တပ်တော်နှင့် မြင်းခြံ ZERO ပြောက်ကျားတပ်တို့က ဖေဖော်ဝါရီ ၁၅ ရက် နံနက်ပိုင်းတွင် ဝင်ရောက်စီးနင်း သိမ်းပိုက်ခဲ့ ခြင်း ဖြစ်သည်။

PDF အင်အား ၃၀၀ ခန့်ဖြင့် ဝင်ရောက်စီးနင်းခဲ့သည့် နာရီဝက်ကြာ အဆိုပါ တိုက်ခိုက်မှုတွင် ပျူစောထီးနှင့် စစ်ကောင်စီ တပ်ဖွဲ့ဝင် စုစုပေါင်း ၄၀ ကျော် သေဆုံးပြီး ၂၀ ကျော်မှာ ရွာကိုထားကာ ထွက်ပြေးသွားခဲ့ကြောင်း ပုလဲ မြို့နယ် PDF ခေါင်းဆောင်တဦး ဖြစ်သည့် ဗိုလ်နဂါးက ပြောသည်။

၎င်းက "အဲဒီနေ့ကတော့ အခြေစိုက်စခန်းကို အပြတ်စီးပစ်လိုက်တာပေါ့။ ရန်သူကို တိုက်ပြီးတော့ အရှင်မိရင် ပကဖ (ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့) ကို အပ်မှာပေါ့။ ဒါပေမဲ့ အရှင်မိတာမျိုး မရှိဘူး။ လက်ကျန်အဖွဲ့ ၂၀ ကျော်လောက်က ထွက် ပြေးသွားတယ်။ ကျန်တဲ့ကောင်တွေက အဲဒီမှာတင်သေလို့ ကျနော်တို့ ဆုတ်လာတယ်။ စစ်ကောင်စီရော၊ ပျူစော ထီးရောအပါ ၄၀ ကျော်လောက် ကျတယ်။ မနေ့ကတော့ တိုက်ခိုက်ရေးရော တွဲပြီးသုံးလို့ရတဲ့ ဒရုန်းအကြီးကြီး ၁ စီး ဝယ်ပြီး ကင်းထောက် ပေးထားရင်းနဲ့ အလောင်းကောက်နေတယ်" ဟု အတည်ပြုသည်။

ယင်းနေ့ တိုက်ခိုက်မှုတွင် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များဘက်မှ ၁ ဦး ကျဆုံးပြီး ၄ ဦး ဒဏ်ရာ ရရှိခဲ့ကြောင်း သိရ သည်။



ဗိုလ်နဂါးဦးဆောင်သည့် မြန်မာ့ တော်ဝင်နဂါး တပ်ဖွဲ့ဝင်များ (ဓာတ်ပုံ – CJ)

ပုလဲမြို့နယ်တွင် ပျူစောထီးတပ်ဖွဲ့ဝင်များ အင်အားတောင့်တင်းပြီး သင်တန်းများ ပေးနေသည့် အဆိုပါ ဇီးဖြူကုန်း နှင့် အင်မထီးကျေးရွာတို့ကို ပုလဲဒေသကာကွယ်ရေးတပ်ဖွဲ့များက မကြာခဏ တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြောင်း သိရ သည်။

ဇန်နဝါရီ လကုန်ပိုင်းနှင့် ဖေဖော်ဝါရီတို့တွင် ဒေသကာကွယ်ရေးတပ်ဖွဲ့များ ပူးပေါင်းပြီး အဆိုပါ ကျေးရွာ ၂ ရွာကို ၁၀ ကြိမ်ခန့် တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြောင်း Pale People's Defence Force – Headquarters အဖွဲ့က ဆိုသည်။

ဖေဖော်ဝါရီ ၁၄ ရက်တွင်လည်း အင်မထီးကျေးရွာမှ ပျူစောထီးစခန်းကို ပုလဲမြို့နယ် PDF ပူးပေါင်းတပ်များ ပူးပေါင်း ဝင်ရောက်တိုက်ခိုက်ရာ ပျူစောထီး အနည်းဆုံး ၄ ဦး သေဆုံးမှု ရှိကြောင်း Pale People's Defence Force – Headquarters ထံမှ သိရသည်။

Pale People's Defence Force – Headquarters မှ ပြန်ကြားရေးတာဝန်ခံက "သူတို့က (ပျူစောထီး) က အကြမ်း ဖက် စစ်ကောင်စီကို ထောက်ခံတာက တကြောင်းရယ်၊ ပြည်သူလူထုကို လက်နက်ကိုင်ပြီးတော့ ခြိမ်းခြောက်တာတွေ ရှိတယ်။ ဇီးဖြူကုန်းရွာရဲ့ အနောက်ဘက်မှာ ရှိတဲ့ရွာကို မင်းတို့ရွာက ဒီဘက်ထွက်မလာနဲ့၊ လာလို့ရှိရင် ပစ်သတ်မှာ ဆိုပြီး ခြိမ်းခြောက်မှုတွေပါ ရှိတယ်။ ပဋိပက္ခရေးအရ ပြည်သူတွေကို

ဖမ်းဆီးတာတွေလည်း ရှိတယ်။ အဲဒါကြောင့်မလို့ ပြည်သူ့ရဲဘော်တွေက အဲဒီရွာတွေကို ပစ်မှတ်ထားပြီးတော့ လုပ်ရတာဗျ” ဟု ပြောသည်။

၎င်းက ဆက်၍ “အခုဆို ပြည်သူတွေ အနေနဲ့က ကျီးလန့်စာ စားနေရတာ။ ရွာတိုင်းရွာတိုင်းမှာ အထုပ်အပိုးတွေ ပြင်ပြီးတော့ နေနေကြရတာ။ ဘယ်ကိုလာမယ် မသိကြဘူး။ ပျူစောထီးတွေ ပါနေတော့ သူတို့က နယ်ခံတွေဖြစ်တော့ လမ်းကြောင်းကို သူတို့ ကျွမ်းတော့ ပြည်သူတွေအနေနဲ့ ညဆိုလည်း အေးဆေးမအိပ်ရဘူး။ အဲဒါကြောင့် ကျနော်တို့ကတော့ ပြတ်ပြတ်သားသား လုပ်ဆောင်ရမှာ” ဟု ပြောသည်။

ပြီးခဲ့သည့် ရက်ပိုင်း ၃ ရက်အတွင်း ပုလဲမြို့နယ်မှ ဒေသခံများ၏ နေအိမ် ၈၀ဝ နီးပါး မီးရှို့ဖျက်ဆီးခံရမှုတွင် စစ်ကောင်စီ တပ်နှင့်အတူ ပျူစောထီး အဖွဲ့ဝင်များလည်း ပါဝင်ခဲ့ကြောင်း ဒေသ သတင်းရင်းမြစ်များနှင့် ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့ များက ဆိုသည်။

ဇန်နဝါရီ ၃၁ ရက်က မွေ့တုံနှင့် ပန်းရွာတွင် အိမ်ခြေ ၃၀ဝ ကျော်၊ ဖေဖော်ဝါရီ ၄ ရက်က ကိုင်းတွင်းရွာတွင် အိမ် ၂၀ဝ နီးပါး၊ ဖေဖော်ဝါရီ ၅ ရက် လော်ကားရွာတွင် အိမ်ခြေ ၃၀ဝ ကျော် မီးရှို့ဖျက်ဆီးခံခဲ့ရခြင်း ဖြစ်ပြီး မီးလောင်ကျွမ်းခဲ့ သည့် ကျေးရွာများမှ ဒေသခံများ ပိုင်ဆိုင်သော ပစ္စည်းများကိုလည်း မီးမလောင်ခင်ကပင် ဇီးဖြူကုန်း၊ အင်မထီးကျေး ရွာနှင့် ပုလဲမြို့ပေါ်များသို့ သယ်ယူသွားကြကြောင်း ဒေသခံများက ပြောဆိုသည်။

Data for Myanmar အဖွဲ့က ကောက်ယူရရှိထားသည့် စာရင်းများအရ စစ်အာဏာသိမ်းကာလ တနှစ်ကျော်အတွင်း စစ်ကောင်စီတပ်က မီးရှို့ခြင်းကြောင့် ပျက်စီးသွားသည့် လူနေအိမ်ပေါင်း ခန့်မှန်းခြေ ၄,၅၇၁ လုံးခန့် ရှိခဲ့ကြောင်း သိရ သည်။

အဆိုပါ ထုတ်ပြန်ချက်အရ စစ်ကိုင်းတိုင်းမှ အများဆုံးဖြစ်ပြီး ၂၅၆၇ လုံး ပျက်စီးခဲ့ကြောင်း၊ ချင်းပြည်နယ်မှ ၉၇၆ လုံး၊ မကွေးတိုင်းမှ ၆၂၆ လုံး၊ ကယားပြည်နယ်မှ ၃၁၀ လုံး ဖြစ်ကြောင်း သိရသည်။

ဗိုလ်နဂါးက “တိုင်းပြည်မှာ အဆိုးရွားဆုံး၊ အရက်စက်ဆုံးအုပ်စု ဖြစ်နေတဲ့အတွက် ပြည်သူလူထုအတွက် တိုက်ခိုက်ရ ခြင်း ဖြစ်တယ်။ ပျူတွေက ကျေးရွာတွေမှာ ထွက်ပြီးတော့ ပစ္စည်းတွေ လုတယ်၊ ဖောက်တယ်၊ မီးရှို့တယ်။ ရွာသူရွာ သားတွေကို နှိပ်စက်တယ်။ လိင်အကြမ်းဖက်တယ်။ ရန်သူ့ဘက်ကလည်း ပြင်းထန်တဲ့ စစ်အရှိန်အဟုန်မြှင့်ဖို့ ရှိမှာပဲ။ ကျနော်တို့ အနေနဲ့လည်း တိုင်းပြည် လွတ်လပ်ရေး ရဖို့ကတော့ တနေ့ပြီးတနေ့ ပိုပိုတိုးပြီး ပြင်းထန်တဲ့ တိုက်ခိုက်ရေး တွေကို လုပ်သွားမှာ” ဟု ပြောသည်။

https://burma.irrawaddy.com/news/2022/02/16/249969.html

---------------------------------------------------------------------------------------------------

## တိုက်ပွဲအတွင်း တရုတ်ဓာတ်ငွေ့ပိုက်လိုင်း ကြားခံစခန်းတခု ပျက်စီး

By ဧရာဝတီ | 16 February 2022

တနင်္လာနေ့ နံနက်အစောပိုင်းက မန္တလေးတိုင်း၊ နွားထိုးကြီးမြို့နယ်ရှိ တရုတ်ရေနံနှင့် သဘာဝဓာတ်ငွေ့ ပိုက်လိုင်းမှ ကြားခံစခန်းတခုကို စောင့်ကြပ်နေသည့် စစ်ကောင်စီတပ်များအား ခုခံရေး အင်အားစုများက တိုက်ခိုက်သောကြောင့် ထိုအဆောက်အအုံ ပျက်စီးသွားကြောင်း သိရသည်။

နံနက် ၂ နာရီခန့်တွင် နွားထိုးကြီး ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (NPDF) က ထိုစခန်းလုံခြုံရေးအတွက် တာဝန်ယူနေသည့် စစ်ကောင်စီတပ်ဖွဲ့ဝင် ၁၃ ဦးကို ဗုံးသီးပစ်ရိုင်ဖယ်ဖြင့် နှစ်ကြိမ်တိုက်ခိုက်ခဲ့သည်။

ထိုစခန်းသည် နွားထိုးကြီးမြို့အရှေ့ဘက် ၆ ကီလိုမီတာအကွာတွင် တည်ရှိသော စခန်းဖြစ်သည်။

ထိုတိုက်ခိုက်မှုအတွင်း စခန်း၏ နံရံမှာ ပေါက်ကွဲပစ္စည်း ထိမှန် ပျက်စီးသွားကြောင်း NPDF ပြောခွင့်ရသူနှင့် မြင်းခြံခရိုင် PDF တပ်ရင်း (၄) မှ တပ်မှူး ကိုတွံတေးက ပြောသည်။

ထိုတိုက်ခိုက်မှုအတွင်း စစ်ကောင်စီဘက်မှ ထိခိုက်သေဆုံးမှုရှိသည်ဟု ယူဆရကြောင်းလည်း NPDF က ပြောသည်။

“ကျနော်တို့က စစ်ကောင်စီတပ်ကို တိုက်တာ၊ စခန်းကိုတိုက်တာ မဟုတ်ဘူး” ဟု ကိုတွံတေးက ဧရာဝတီ သတင်းဌာနသို့ ပြောသည်။

စစ်ကောင်စီတပ်များသည် ဒေသတွင်းတွင် တာဝန်ထမ်းဆောင်နေစဉ် အရပ်သားများကို နှိပ်စက်လုယက်ပြီး အမည်ဆိုး ကျော်ကြားလာသောကြောင့် တိုက်ခိုက်ရခြင်းဖြစ်ကြောင်း NPDF က ဖော်ပြသည်။

ရခိုင်ပြည်နယ်ကမ်းရိုးတန်းမှ တရုတ်နိုင်ငံတောင်ပိုင်းအထိ ရှည်လျားသော ထိုရေနံနှင့် သဘာဝဓာတ်ငွေ့ ပိုက်လိုင်းများကို ၂၀၁၁ ခုနှစ်တွင် စတင်တည်ဆောက်ပြီး ၂၀၁၃ ခုနှစ်၊ ဇူလိုင်လတွင် လုပ်ငန်းများ စတင်လည်ပတ်ခဲ့သည်။




ရေနံနှင့် သဘာဝဓာတ်ငွေ့ ပိုက်လိုင်း ဖြတ်သန်းရာ လမ်းကြောင်းပြ မြေပုံ / Shwe Gas

စုစုပေါင်း ၉၇၃ ကီလိုမီတာ ရှည်သော ပိုက်လိုင်းသည် မကွေးတိုင်း၊ မန္တလေးတိုင်းနှင့် ရှမ်းပြည်နယ်ကို ဖြတ်သန်းကာ တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်အတွင်းသို့ ဝင်ရောက်သည်။

PDF က တိုက်ခိုက်ပြီးနောက်တွင် စစ်ကောင်စီသည် နွားထိုးကြီးတွင် လုံခြုံရေးတင်းကျပ်ထားပြီး ပတ်ဝန်းကျင် မြို့နယ်များမှ တပ်ကူများကို ခေါ်ဆောင်လာသည်။

စစ်ကောင်စီတပ်များက တနင်္လာနှင့် အင်္ဂါနေ့များတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) နှင့် အဆက်အသွယ် ရှိသူများ အပါအဝင် ထိုမြို့မှ လူ တဒါဇင်နီးပါးကို ဖမ်းဆီးလိုက်ကြောင်း နွားထိုးကြီးဒေသခံတဦးက ဧရာဝတီသတင်းဌာနသို့ အင်္ဂါနေ့တွင် ပြောသည်။

တနင်္ဂနွေနေ့ ညနေပိုင်းက ထိုမြို့နယ်အတွင်း ကင်းလှည့်နေသည့် စစ်ကောင်စီ ဆိုင်ကယ်တစီးကို နွားထိုးကြီး PDF က ခြုံခိုတိုက်ခိုက်သောအခါ စစ်ကောင်စီတပ်သား နှစ်ဦးသေသည်။

လွန်ခဲ့သောနှစ် ဖေဖော်ဝါရီလက စစ်အာဏာသိမ်းပြီးနောက် ထိုစစ်အာဏာသိမ်းမှုတွင် တရုတ်ပါဝင် ပတ်သက်နေသည်ဟု ပြည်သူအများအပြားက ယုံကြည်ပြီး မြန်မာနိုင်ငံတွင် တရုတ်ဆန့်ကျင်ရေး စိတ်ဓာတ် ကြီးထွားနေသည်။ ထိုစဉ်က တရုတ်အစိုးရသည် စစ်ကောင်စီကို ရှုတ်ချရန် ငြင်းဆန်လျှင် တရုတ်ထုတ်ကုန်များကို သပိတ်မှောက်ရန်နှင့် တရုတ်ပိုက်လိုင်းကို ဖောက်ခွဲပစ်ရန် တောင်းဆိုမှုများ ရှိသည်။

ထိုသို့တောင်းဆိုမှုများကြောင့် တရုတ်နိုင်ငံက ပိုက်လိုင်းအတွက် လုံခြုံရေး တိုးမြှင့်ပေးရန် စစ်ကောင်စီကို တောင်းဆိုခဲ့သည်။ လွန်ခဲ့သောမတ်လမှ စတင်ပြီး စစ်ကောင်စီသည် ထိုပိုက်လိုင်းများကို ကာကွယ်ရန် အင်အားတိုးမြှင့်ချထားသည်။

လွန်ခဲ့သောနှစ် မေလတွင် မန္တလေးတိုင်း၊ စဉ့်ကိုင်တွင် ပိုက်လိုင်းကို စောင့်ကြပ်နေသည့် စစ်ကောင်စီ တပ်ဖွဲ့ဝင် ၃ ဦးအား မည်သူမည်ဝါဖြစ်သည်ဟု မသိရသည့် တိုက်ခိုက်သူများက ဓားဖြင့် ခုတ်သတ်ခဲ့သည်။

စစ်ကောင်စီကို ဆန့်ကျင်သည့် အရပ်သားလက်နက်ကိုင် ခုခံမှု ပြင်းထန်လာပြီးနောက် တရုတ်နိုင်ငံက မြန်မာမှ တရုတ်ရင်းနှီးမြှုပ်နှံမှုများကို အန္တရာယ်မပေးရန် အရပ်သား အမျိုးသားညီညွတ်ရေး အစိုးရ (NUG) ကို တိုက်တွန်းခဲ့သည်။

ဇန်နဝါရီလ အစောပိုင်းက စစ်ကိုင်းတိုင်း၊ ထီးချိုင့်မြို့နယ်မှ တကောင်းတောင် နီကယ်သန့်စင်စက်ရုံသို့ လျှပ်စစ်ပို့သည့် ဓာတ်အားတိုင်ကို ဒေသခံခုခံရေး အင်အားစုတခုက တိုက်ခိုက်ပြီးနောက် ထိုသို့ တောင်းဆိုခြင်း ဖြစ်သည်။

စစ်ကောင်စီသည် နိုင်ငံတဝှမ်းမှ PDF များနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၏ ပြင်းထန်သော တိုက်ခိုက်မှုများကို နေ့စဉ်ရင်ဆိုင်နေရပြီး ထိခိုက်သေဆုံးမှုများ အပြင်းအထန် ကြုံတွေ့နေရသည်။

https://burma.irrawaddy.com/news/2022/02/16/249944.html

---------------------------------------------------------------------------------------------------

## မကွေးတိုင်းတွင် တော်လှန်ရေး အဖွဲ့အစည်းများက အုပ်ချုပ်ရေးပိုင်း အသက်သွင်းလာ

By ဧရာဝတီ | 16 February 2022

မကွေးတိုင်းအတွင်း ပြည်သူ့တော်လှန်ရေးအဖွဲ့အစည်းများက တရားဥပဒေ စိုးမိုးရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာ လုပ်ငန်းများ ကို ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော်ပြီး အသက်သွင်းလာနေကြောင်း စုံစမ်းသိရှိရသည်။

ပြည်သူ့ကာကွယ်ရေးတပ်နှင့် ဒေသကာကွယ်ရေးတပ်ဖွဲ့များ အားကောင်းသည့် မကွေးတိုင်းအတွင်းရှိ ပေါက်၊ ထီးလင်း၊ ရေစကြို၊ ဂန့်ဂေါ၊ ဆော၊ မြိုင် စသည့် မြို့နယ်များတွင် ပြည်သူ့ကာကွယ်ရေးအဖွဲ့များ (ပကဖ) က အုပ်ချုပ်ရေးအဖွဲ့ အပါ အဝင် တရားဥပဒေစိုးမိုးရေးအတွက် ပြည်သူ့ရဲတပ်ဖွဲ့များပါ ဖွဲ့စည်းဆောင်ရွက်နေပြီ ဖြစ်ကြောင်း ယင်းမြို့နယ်များ အတွင်းမှ ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့ဝင်များ (ပအဖ) က ပြောသည်။

ဆောမြို့နယ် ပအဖအဖွဲ့ဝင် တဦးက "အခု အချိန်မှာတော့ စစ်ကောင်စီယန္တရားက ပျက်စီးသွားပြီလို့ ပြောလို့ရတယ်။ မြို့ပေါ်လောက်မှာ သူတို့ ရှိသေးတယ်။ ဒါပေမဲ့ မြို့ပေါ်မှာလည်း လိုအပ်ရင် ကျနော်တို့ ဝင်ရောက်လှုပ်ရှားတယ်။ နယ်ဘက် ဆိုရင်တော့ ကျနော်တို့ အုပ်ချုပ်ရေးယန္တရားနဲ့ ဆိုတော့ အစိုးရဆိုတာ ကျနော်တို့ပဲ။ တရားဥပဒေ စိုးမိုးရေးအတွက်မှာပါ ကျနော်တို့ ပြည်သူ့ရဲတပ်ဖွဲ့ ဖွဲ့စည်းပေးပြီးတော့ ပြည်သူ့လုံခြုံရေးကို လုပ်ကိုင်နေပါတယ်" ဟု ဧရာဝတီသို့ ပြောသည်။

ဆောမြို့နယ်အတွင်း ပြည်သူ့လုံခြုံရေးလုပ်ငန်းများအား ထိရောက်စွာ ဆောင်ရွက်နိုင်ရန် CDM (ပြည်သူ့အာဏာဖီဆန်ရေး လှုပ်ရှားမှု) ရဲတပ်ဖွဲ့ဝင် ၂၀ ကျော်နှင့် ဒေသခံပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့တို့ ပူးပေါင်းကာ ကြားကာလ ပြည်သူ့ရဲတပ်ဖွဲ့ ဖွဲ့စည်းထားကြောင်း ဖေဖော်ဝါရီ ၈ ရက်စွဲဖြင့် ဆောမြို့နယ် ပအဖအဖွဲ့က ထုတ်ပြန်ထားသည်။

ထို့ပြင် ဆောမြို့နယ်အတွင်း အုပ်ချုပ်ရေးကိစ္စရပ်များ ထိရောက် လွယ်ကူစေရန် ဆောတိုက်နယ်၊ ကျောက်ထုတိုက်နယ်၊ လောင်းချီတိုက်နယ် စသည်ဖြင့် တိုက်နယ် ၃ ခု သတ်မှတ်ကာ အုပ်ချုပ်ရေးနှင့် တရားဥပဒေစိုးမိုးရေး ကိစ္စရပ်များကို ပါ ဆောင်ရွက်လျက် ရှိကြောင်း သိရသည်။

ဆောမြို့နယ်အတွင်းရှိ Non-CDM ဝန်ထမ်းများ အားလုံးကိုလည်း ဖေဖော်ဝါရီ ၅ ရက်၊ ည ၁၂ နာရီ နောက်ဆုံးထားပြီး ပြည်သူ့ရင်ခွင် ခိုလှုံရန် ဆော ပအဖက ဇန်နဝါရီ ၃၀ ရက်စွဲဖြင့် သတိပေးစာ ထုတ်ပြန်ခဲ့သည်။



မကွေးတိုင်း အတွင်း လှုပ်ရှားနေသည့် ပြည်သူ့ကာကွယ်ရေးတပ်များ (ဓာတ်ပုံ – PDF Channel)

ထို့နောက် ဖေဖော်ဝါရီ ၅ ရက် နံနက်ပိုင်းတွင် ဒေသပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့က ဆောမြို့သီရိရပ်ကွက်ရှိ ကြံ့ခိုင်ရေး ရုံး များ အပါအဝင် စည်ပင်၊ သစ်တော၊ ကျေးလက်၊ မီးသတ်၊ စိုက်ပျိုးရေး စသည့် စစ်ကောင်စီ တပ်စွဲနေထိုင်သည့် ဌာနဆိုင် ရာ ရုံးများကို

တိုက်ခိုက်ခဲ့သည်။

ဆောမြို့နယ် ပကဖအဖွဲ့ဝင် တဦးက “ကျနော်တို့ ကြေညာချက်ထုတ်တဲ့ နောက်ပိုင်းမှာ ဝန်ထမ်းများများ ပြည်သူ့ရင်ခွင်ကို ဝင်လာတာ ရှိသလို စစ်ရေးအရ မြို့ပေါ်က ဌာနဆိုင်ရာ ရုံးတွေကို တိုက်ခိုက်တဲ့ နောက်ပိုင်းမှာလည်း ပညာရေး၊ ကျန်း မာရေး၊ စိုက်ပျိုးရေး၊ မီးသတ်ဌာနက ဝန်ထမ်း ၉၀ ကျော်လောက် ဝင်လာတာ ရှိတယ်။ အခုဆိုရင် မြို့ထဲမှာ ရဲတချို့နဲ့ စစ်ကောင်စီတပ်ဖွဲ့ တချို့ပဲ ကျန်တော့တယ်” ဟု ဆိုသည်။

အလားတူ ဂန့်ဂေါမြို့နယ်အတွင်းတွင်လည်း ပြည်သူ့တော်လှန်ရေး အဖွဲ့အစည်းများက အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စရပ်များကို အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း ဂန့်ဂေါမြို့နယ် ပအဖအဖွဲ့ဝင်များက ပြောသည်။

ဂန့်ဂေါမြို့နယ် ပအဖအဖွဲ့ဝင် တဦးက “စစ်ကောင်စီ ယန္တရားကတော့ လက်ရှိအချိန်အထိ ရှိသေးတယ်လို့ ပြောလို့ရပါတယ်။ ဒါပေမဲ့ သူတို့ယန္တရား မလည်ပတ်နိုင်သေးဘူး။ နယ်ဘက်မှာတော့ ကျနော်တို့ အုပ်ချုပ်ရေးကို ထူထောင်တယ်ပေါ့။ နယ်မြေစိုးမိုးမှုအရ တိုင်းတာမယ် ဆိုရင်တော့ အားပြိုင်နေတဲ့ အခြေအနေ ရှိနေတယ်လို့ပဲ ပြောချင်ပါတယ်” ဟု ဧရာဝတီသို့ ပြော သည်။

ဂန့်ဂေါမြို့နယ် ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့ကလည်း လက်ရှိ အခြေအနေတွင် စစ်ကောင်စီ အုပ်ချုပ်ရေးနေရာ၌ အစားထိုး နိုင်ရေးအတွက် ဝန်ထမ်းများအနေဖြင့် စစ်ကောင်စီ လက်အောက်မှ အမြန်ဆုံး နုတ်ထွက်စွန့်ခွာလာရန် ဖေဖော်ဝါရီ ၁၄ ရက်တွင် သတိပေးစာ ထုတ်ပြန်ခဲ့သည်။

ဂန့်ဂေါမြို့နယ် ပြည်သူ့ရင်ခွင်ထဲသို့ ဝင်ရောက်လာသည့် ဝန်ထမ်းများ အပြောက်အများ ရှိနေသည့်အတွက် ဌာနများမှ ဝန်ထမ်းများ လုပ်ငန်းစွန့်ခွာ ထွက်လာမှုကို လုပ်ထုံး လုပ်နည်းနှင့်အညီ လက်ခံဆောင်ရွက်လျက် ရှိကြောင်း၊ ဌာနမှ စွန့်ခွာ လာမည့် ဝန်ထမ်းများ အနေဖြင့်လည်း ယင်းမြို့နယ် ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့ထံ လိပ်မူပြီး စစ်ကောင်စီကို အပြီးအပိုင် စွန့် ခွာပြီး အမျိုးသားညွတ်ရေးအစိုးရ (NUG) အား သစ္စာခံပါမည်ဟု ကတိဝန်ခံချက် ပေးရမည် ဖြစ်ကြောင်း ထုတ်ပြန်ချက် တွင် ဖော်ပြထားသည်။

ဂန့်ဂေါမြို့နယ် ပအဖအဖွဲ့ဝင် တဦးက “ထုတ်ပြန်ချက်ကတော့ ဝန်ထမ်းတွေ ကျနော်တို့အဖွဲ့ကို ဆက်သွယ်လို့ လွယ်အောင် ထုတ်ပြန်ထားတာ။ တော်တော်များများ ကျနော်တို့နဲ့ ပူးပေါင်းလာကြတာ ရှိတယ်ဆိုတော့ CDM မလုပ်တဲ့ ဝန်ထမ်းတွေကို ဘယ်လို အရေးယူမလဲ ဆိုတာတော့ ကျနော်တို့ တိုင်ပင်ရအုံးမယ်။ ဘာကြောင့်လဲဆို ဌာနဆိုင်ရာ ယန္တရားက မလည်ပတ် နိုင်တော့ဘဲ ပျက်နေတဲ့ အခြေအနေဆိုတော့ ကျနော်တို့ အနေနဲ့လည်း ဖိအားပေးစရာ မလိုသေးဘူး” ဟု ရှင်းပြသည်။

မကွေးတိုင်းအတွင်း ခရိုင် ၅ ခရိုင်၊ မြို့နယ်ပေါင်း ၂၅ မြို့နယ် ရှိပြီး စစ်ကိုင်းတိုင်းအစပ် မြို့နယ်များဖြစ်သည့် ဂန့်ဂေါ၊ ဆော၊ မြိုင်၊ ရေစကြို၊ ပေါက်၊ ထီးလင်း စသည့် မြို့နယ်များတွင် သက်ဆိုင်ရာ ပြည်သူ့တော်လှန်ရေး အဖွဲ့အစည်းများက အတိုင်း အတာတခုထိ အုပ်ချုပ်ရေး ကိစ္စရပ်များကို ထူထောင်ထားနိုင်ပြီး မကွေးမြို့ အပါအဝင် မင်းလှ၊ မင်းဘူး၊ ပွင့်ဖြူ စသည့် ဒေသများတွင် စစ်ကောင်စီယန္တရား တပိုင်းတစ လည်ပတ်နေဆဲ ဖြစ်ကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ်၊ ကျောင်းကုန်းကျေးရွာမှ ဦးတင်ဌေးက “ကျနော်တို့ ရွာမှာတော့ ပျူတွေ သောင်းကျန်းလို့ တရွာလုံး ထွက် ပြေးနေရတယ်ဗျ။ အဲဒီ ပတ်ဝန်းကျင်မှာ ကျနော်တို့ ရွာတရွာပဲ။ ကျန်တဲ့ ရွာတွေက ပျူတွေ အားမကောင်းဘူး။ ပျူတွေ စစ်ကောင်စီကို သတင်းပေးပြီး ညဘက်ဆို ဝင်ဆွဲနေတယ်။ ရွာမှာ လူအများစု မရှိတဲ့အခါ PDF တွေ အခိုင်အမာ နေလို့ မရဘူး ဖြစ်နေတယ်” ဟု ပြောဆိုသည်။

မကွေး မြို့ခံတဦးကလည်း လက်ရှိ အခြေအနေတွင် ပြည်သူ့တော်လှန်ရေးအဖွဲ့အစည်းများ အနေဖြင့် စစ်ကိုင်းတိုင်းအစပ် မြို့နယ်များကို လွှမ်းမိုးထားနိုင်သည်ဟု ပြောနိုင်ကြောင်း၊ မကွေးမြို့နှင့် မင်းလှ၊ မင်းဘူးမြို့နယ်များဘက်တွင် စစ်ကောင်စီ ယန္တရား တည်ရှိနေသေးသော်လည်း အပြည့်အဝ မလည်ပတ်နိုင်တော့ကြောင်း ပြောသည်။

၎င်းက “ပြည်သူတွေလည်း PDF ကိုပဲ အားကိုးတယ်၊ ထောက်ခံကြတဲ့အခါ ဝန်ထမ်းတွေ အပြင်ထွက်ရင်တောင် ယူနီဖောင်း ဝတ်ပြီးကို အပြင်ထွက်လို့ မရတော့ဘူး။ ရုံးသွားရင်လည်း ယူနီဖောင်းကို အိတ်ထဲထည့်ပြီး ဟိုရောက်မှ ထုတ်ဝတ်။ ဒီလို အနေအထား ရှိတယ်” ဟု ဆိုသည်။

စစ်ကောင်စီတပ်များသည် မကွေးတိုင်း အပါအဝင် စစ်ကိုင်းတိုင်းနှင့် ချင်းပြည်နယ်ရှိ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ၊ ဒေ သကာကွယ်ရေးတပ်ဖွဲ့များကို အင်အား အလုံးအရင်းဖြင့် ထိုးစစ်ဆင် တိုက်ခိုက်သော်လည်း တော်လှန်ရေး တပ်ဖွဲ့ဝင်များ ၏ ပြောက်ကျားတိုက်ခိုက်ခြင်း၊ ကြားဖြတ် မိုင်းဆွဲခံရခြင်းနှင့် ခြုံခိုတိုက်ခိုက်ခြင်းများကို အလူးအလဲ ခံရသည့်အတွက် မြေပြင်စစ်ဆင်ရေးထက် လေကြောင်းတိုက်ခိုက်မှုကိုသာ အားကိုးလာနေသည်။

ထို့ပြင် စစ်ကောင်စီ တပ်ဖွဲ့ဝင်များသည် ယင်းဒေသများရှိ ကျေးရွာများအား ဝင်ရောက်စီးနင်းခြင်း၊ ဒေသခံများအား အကြမ်း ဖက် ဖမ်းဆီးနှိပ်စက်ခြင်း၊ မီးရှို့သတ်ဖြတ်ခြင်း၊ နေအိမ်များအား မီးရှို့ဖျက်ဆီးခြင်း စသည့် လူ့အခွင့်အရေး ချိုးဖောက်မှုများ နှင့် စစ်ရာဇဝတ်မှုများကိုလည်း ကျူးလွန်လျက် ရှိသည်။

https://burma.irrawaddy.com/news/2022/02/16/249941.html

---------------------------------------------------------------------------------------------------

## ဂန့်ဂေါမြို့နယ် မင်းရွာရဲစခန်း တိုက်ခိုက်ခံရမှု စစ်ကောင်စီတပ်သားနှင့် ရဲ အယောက် ၂၀ သေဆုံးဟု YDF ဆို

By မဇ္ဈိမ | 16 February 2022




မကွေးတိုင်း ဂန့်ဂေါမြို့နယ် မင်းရွာ ရဲစခန်းကို ယောဒေသ ကာကွယ်ရေးတပ် (YDF) နှင့် မြိုင်-PDF တို့ ပူးပေါင်းပြီး ဝင်ရောက် စီးနင်းတိုက်ခိုက်ရာ စစ်ကောင်စီတပ်သားနှင့် ရဲ အယောက် ၂၀ ခန့် သေဆုံး သွားကြောင်း YDF ဗဟို ပြန်ကြားရေး တာဝန်ရှိသူက အတည်ပြု ပြောသည်။

ယင်းအပြင် စစ်ကောင်စီတပ်သား အများအပြားလည်း ဒဏ်ရာ ရရှိသွားခဲ့သည်ဟု ဆိုသည်။

အဆိုပါ မင်းရွာရဲစခန်းတွင် အာဏာသိမ်း စစ်ကောင်စီ တပ်ဖွဲ့ဝင် စစ်သားနှင့် ရဲ အပါအဝင် အင်အား ၄၀ ခန့် တပ်စွဲထားခြင်း ဖြစ်ပြီး ယောဒေသ ကာကွယ်ရေးတပ် (YDF) နှင့် မြိုင်-PDF ပူးပေါင်း တပ်တို့က ဖေဖော်ဝါရီလ ၁၀ ရက်နေ့ ည ၇ နာရီ မိနစ် ၂၀ တွင် သွားရောက် တိုက်ခိုက်ခဲ့ကြခြင်း ဖြစ်သည်။

“လက်နက်ကြီးတွေနဲ့ ပစ်ခတ်မှု ဖြစ်တယ်။ လက်နက်တောင် ရခါနီးပဲ။ စခန်း သိမ်းဖို့သွားတာ” ဟု ယောဒေသကာ ကွယ်ရေးတပ် တာဝန်ရှိသူ တစ်ဦးက ပြောသည်။

မင်းရွာ ရဲစခန်းအား ဝင်ရောက်တိုက်ခိုက်ရာ ၁ နာရီနီးပါး အပြန်အလှန် ပစ်ခတ်မှု ဖြစ်ပွားခဲ့ရာ စစ်ကောင်စီ ဘက်ကလည်း လက်နက်ကြီးများဖြင့် ပြန်လည် ပစ်ခတ်ခဲ့သည်ဟု ဆိုသည်။

“မဟာမိတ်ကာကွယ်ရေးတပ်များ အကြောင်း အမျိုးမျိုးကြောင့် စခန်း သိမ်းပိုက်နိုင်ခြင်း မရှိဘဲ ပြန်လည် ဆုတ်ခွာ ခဲ့ကြပါတယ်” ဟု YDF အဖွဲ့က ဆိုသည်။

ထိုနေ့ည တိုက်ပွဲအပြီး ဖေဖော်ဝါရီလ ၁၁ ရက်နေ့ နံနက်ပိုင်းတွင် တိုက်ပွဲ ထပ်မံဖြစ်ပွားရာ မင်းရွာ ရဲစခန်းကို အာဏာသိမ်း စစ်ကောင်စီ တပ်ဘက်က တပ်ကူများ ရောက်ရှိလာကာ ထပ်မံ အင်အား ဖြည့်တင်း ထားကြောင်း သိရသည်။

ယင်းမင်းရွာ ရဲစခန်းအား ဝင်ရောက်စီးနင်း တိုက်ခိုက်ရာတွင် YDF ဘက်က ရဲဘော်တစ်ဦး ကျဆုံးခဲ့ပြီး နောက်ထပ် ရဲဘော်တစ်ဦးလည်း ဒဏ်ရာ အနည်းငယ် ရရှိခဲ့ကြောင်း သိရသည်။

ယောဒေသ ဂန့်ဂေါမြို့နယ်တွင် အာဏာသိမ်း စစ်ကောင်စီတပ်နှင့် ဒေါကာကွယ်ရေး ပူးပေါင်း တပ်များ အကြား ပြီးခဲ့သည့် ဖေဖော်ဝါရီလ ၅ ရက်နေ့မှ ၈ ရက်နေ့အထိ လေးရက်ဆက်တိုက် တိုက်ပွဲများ ပြင်းထန်ခဲ့သည်။

https://www.mizzimaburmese.com/article/99572

-----------------------------------------------------------------------------------------------------

## ယင်းမာပင်တွင် တိုက်ပွဲပြင်းထန်၊ စစ်ကောင်စီဘက်က လေကြောင်းဖြင့် တိုက်ခိုက်

Published By DVB | 16 February, 2022

စစ်ကိုင်းတိုင်း ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ် တမာပင်ခွကျေးရွာအနီးမှာ စစ်ကောင်စီတပ်နဲ့ PDF ပူး ပေါင်းအဖွဲ့တို့ ဖေဖော်ဝါရီ ၁၆ ရက် နေ့လယ်ပိုင်းက တိုက်ပွဲအပြင်းအထန် ဖြစ်ပွားခဲ့တယ်လို့ သိရပါတယ်။

နေ့လယ် ၁ နာရီဝန်းကျင်လောက်က စတင်ဖြစ်ပွားခဲ့တာဖြစ်ပြီး တမာပင်ခွကျေးရွာဘက်ကနေ ထွက်ခွာလာတဲ့ စစ်ကောင်စီတပ်ကို PDF အဖွဲ့တွေက စတင်တိုက်ခိုက်ရာကနေ အပြန်အလှန်ပစ်ခတ်မှုဖြစ်ပွားခဲ့တာပါ။

PDF ခေါင်းဆောင် ဆရာစံက “စစ်ကောင်စီအဖွဲ့က ပုပ္ပါးကနေ အိုင်ယောင်း မင်းမဘက်ကို အထွက်ပြပြီးတော့ အမှတ်(၅)ဆည်ဘောင်အတိုင်း မြောက်ဘက်ကို ပြန်လှည့်တာ၊ အဲဒီလိုပြန်လှည့်လာတဲ့အချိန်မှာ PDF တွေက ဝိုင်းကြတာ။ တိုက်ပွဲက အခုထိဖြစ်နေတုန်းဆိုတော့ အထိအခိုက် အကျအဆုံးကတော့ မသိရသေးဘူး” လို့ ပြောပါတယ်။

စစ်ကောင်စီ ဘက်က ညှပ်မိပြီး အထိနာတာကြောင့် လေကြောင်းနဲ့ပါ လာရောက် ပစ်ကူပေးရပြီး ပုံးချတာတွေလည်း ပြုလုပ်ခဲ့တယ်လို့ ဆိုပါတယ်။

စစ်ကောင်စီက လေကြောင်းနဲ့ ပစ်ခတ်တဲ့အခြေအနေကို Hero Tiger Force PDF ခေါင်းဆောင်က "ညနေ ၃ နာရီခွဲလောက်မှာ မုံရွာ (န မ ခ) ကနေ ပုစဥ်းတစ်ကောင်တက်လာပြီး ၁၃ ခေါက်လောက် ဝဲပျံကာ ကျနော်တို့ PDF အဖွဲ့တွေကို ပစ်ခတ်တာက ၇ ခါလောက် ပစ်တာ၊ ကျနော်တို့မှာက ကျည်ကွယ်မရှိဘူး မျက်ကွယ်ပဲရှိတာ။ ကျနော်တို့မှာ တူမီးလောက်ပဲ ရှိတဲ့သူတွေကို ဒီလို ရက်ရက်စက်စက်ကြီး လိုက်ပစ်တာ၊ တရားသောစစ်က အောင်ခဲ့တာဆိုတော့ ကျနော့်ရဲဘော်တွေကတော့ မထိခိုက်ခဲ့ဘူး” လို့ ပြောပါတယ်။

ပစ်ခတ်သံတွေကတော့ ညနေ ၄ နာရီနောက်ပိုင်းမှာ ရပ်စဲသွားခဲ့တယ်လို့လည်း ဆိုပါတယ်။

တိုက်ပွဲဖြစ်ပွားမှုကြောင့် စစ်ကောင်စီဘက်က ထိခိုက်ဒဏ်ရာရမှုအခြေအနေကို မသိရသေးဘဲ အနီးနားမှာရှိတဲ့ ကျေးရွာနေပြည်သူတွေ ထွက်ပြေးတိမ်းရှောင်နေကြရပါတယ်။

http://burmese.dvb.no/archives/517392

-----------------------------------------------------------------------------------------------------

## တရက်တည်း စစ်ကောင်စီတပ်ဖွဲ့ဝင်အယောက် ၆ဂ ကျော်သေဆုံးဟု NUG ထုတ်ပြန်

Published By DVB | 16 February, 2022

ပြည်သူ့ခုခံတော်လှန်စစ်အတွင်း ဖေဖော်ဝါရီ ၁၅ ရက် တရက်တည်း စစ်ကောင်စီတပ်ဖွဲ့ဝင် ၆၄ ယောက် သေဆုံးခဲ့တယ်လို့ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) က ထုတ်ပြန်ပါတယ်။



ခုထုတ်ပြန်ထားတဲ့ အချက်လက်ဟာ မြေပြင်အခြေအနေမှာ ပိုများနိုင်ပြီး တရက်တည်း ထိခိုက်ဒဏ်ရာရရှိတဲ့သူ အရေအတွက်ကတော့ ၁၃ ယောက်ရှိခဲ့တယ်လို့ ဆိုပါတယ်။

အာဏာသိမ်းစစ်အုပ်စုရဲ့ ပြည်သူလူထုအပေါ် အကြမ်းဖက်ဖိနှိပ်ဖမ်းဆီး တိုက်ခိုက်သတ် ဖြတ်နေမှုတွေကို ပြည်သူလူထုတရပ်လုံးက အသက်ရှင်သန်ရေးအတွက် ခုခံကာကွယ်ပိုင်ခွင့်အရ ပြည်သူ့ခုခံစစ် (Peoples Defensive War) ကို ဆင်နွှဲနေကြတာပါ။

နိုင်ငံတဝန်းမှာတော့ မြန်မာပြည်သူတွေဟာ စစ်အာဏာရှင်စနစ် မြန်မာ့မြေပေါ်မှ အပြီး တိုင်ချုပ်ငြိမ်းရေးနဲ့ ဖက်ဒရယ်ဒီမိုကရေစီတည်ဆောက်ရေးအတွက် ငြိမ်းချမ်းစွာဆန္ဒပြတဲ့ လူထုသပိတ်တိုက်ပွဲတွေ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေ အနှံ့အပြား ဖြစ်ပွားနေပါတယ်။

လူထုသပိတ်တိုက်ပွဲတွေအနေနဲ့ မနေ့က တရက်တည်းမှာ ကချင်ပြည်နယ်နဲ့ မကွေးတိုင်းတွေမှာ ၁ ကြိမ်စီ၊ မန္တလေးတိုင်းမှာ ၂ ကြိမ်၊ တနင်္သာရီတိုင်းမှာ ၃ ကြိမ်စီနဲ့ စစ်ကိုင်းတိုင်းမှာ ၁၂ ကြိမ်နဲ့ အများဆုံး ဖြစ်ပွားခဲ့တယ်လို့ အမျိုးသား ညီညွတ်ရေး အစိုးရ (NUG) က ထုတ်ပြန်ထားပါတယ်။

http://burmese.dvb.no/archives/517327

-----------------------------------------------------------------------------------------------

## စစ်ကောင်စီ လေတပ်ဗိုလ်ကြီးတစ်ဦး ဒီးမော့ဆို- PDF တပ်ရင်းမှတဆင့် ပြည်သူ့ရင်ခွင်ခိုလှုံ

Published By DVB | 16 February, 2022



အာဏာသိမ်းစစ်ကောင်စီတပ်မှာ တာဝန်ထမ်းဆောင်နေတဲ့ လေတပ်အရာရှိ စီနီယာဗိုလ်ကြီးတစ်ဦးဟာ ပြည်သူ့ကာကွယ်ရေးတပ်- ဒီးမော့ဆို (DMO- PDF) တပ်ရင်း (i) နဲ့ ချိတ်ဆက်ပြီး ဖေဖော်ဝါရီ ၁၆ ရက်နေ့က ပြည်သူ့ရင်ခွင်ကိုခိုလှုံခဲ့တယ်လို့ သိရပါတယ်။

ကယားပြည်နယ်၊ ဒီးမော့ဆို- PDFတပ်ရင်း (i) ကနေတဆင့် ပြည်သူ့ရင်ခွင်ကို ခိုလှုံလာတဲ့ လေတပ်အရာရှိ စီနီယာဗိုလ်ကြီးဟာ တိုက်ခိုက်ရေးလေယာဉ်တွေကို မောင်းနှင်တိုက်ပွဲဝင်ခဲ့တဲ့ နေပြည်တော်လေတပ်စခန်းက ဖြစ်ပါတယ်။

ပြည်သူ့ရင်ခွင်ကို ခိုလှုံလာတဲ့ လေတပ်အရာရှိဟာ အမျိုးသားညီညွတ်ရေးအစိုးရ (NUG)ရဲ့ ကာကွယ်ရေးဝန်ကြီးဌာနကို ဆက်လက်ချိတ်ဆက်ထားတာကြောင့် လုံခြုံရေးကို အထူးဂရုစိုက်တဲ့ အနေနဲ့ ဒီးမော့ဆို- PDF (ဗဟို) ကို ပြန်လည်လွှဲပြောင်းလိုက်ပြီလို့ သိရပါတယ်။

http://burmese.dvb.no/archives/517358

-----------------------------------------------------------------------------------------------

## ဟုမ္မလင်း ရဲတပ်သား ၁ ဦး သေနတ် ၁ လက်၊ ကျည်ဆန် ၁၀၀ နှင့်အတူ လက်နက်ချအလင်းဝင်

Published By DVB | 16 February, 2022

စစ်ကိုင်းတိုင်း၊ ခန္တီးခရိုင်၊ ဟုမ္မလင်းမြို့နယ်မှာ ရဲတပ်သားတယောက်ဟာ  ပြည်သူ့ကာ ကွယ်ရေးအဖွဲ့ကတဆင့် လက်နက်ချအလင်းဝင်ရောက်လာခဲ့တယ်လို့ အမျိုးသားညီညွတ် ရေးအစိုးရ (NUG) က ထုတ်ပြန်ပါတယ်။



အဆိုပါရဲတပ်သားဆီကနေ  သေနတ်တစ်လက်နဲ့ကျည်ဆန် ၁၀၀ လက်ခံရရှိခဲ့ပြီး ပြည် သူ့ကာကွယ်ရေးအဖွဲ့(ဟုမ္မလင်း)က ဂုဏ်ပြုဆုငွေ ကျပ် ၃၈ သိန်း ပေးအပ်ကာ  လွတ်မြောက်နယ်မြေကို ပို့ဆောင်ပေးခဲ့တယ်လို့ NUG ကာကွယ်ရေးဝန်ကြီးဌာနက ပြောပါ တယ်။

အာဏာအလွဲသုံးစားပြုလုပ်နေတဲ့ လက်တစ်ဆုပ်စာ စစ်အာဏာရှင်တစ်စုရဲ့ လက်ကိုင်တုတ် ခါးပိုက်ဆောင်တွေအဖြစ်ကနေ ရုန်း ထွက်ပြီး ပြည်သူ့ရင်ခွင် အမြန်ဆုံးခိုဝင်ကြဖို့ အမျိုးသားညီညွတ်ရေးအစိုးရ (NUG)က တိုက်တွန်းနှိုးဆော်ထားပါတယ်။

လတ်တလောမှာတော့ စစ်အာဏာသိမ်းကာလ ၁ နှစ်ကျော်အတွင်း CDM လှုပ်ရှားမှုမှာ ပါဝင်လာသူတွေနဲ့  ပြည်သူ့ ရင်ခွင်ခိုလှုံလာတဲ့ တပ်မတော်သားတွေ၊ ရဲတပ်သားတွေလည်း ထောင်နဲ့ချီရှိလာနေပြီ ဖြစ်ပါတယ်။

ဒါ့အပြင် အင်အားကြီး တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တွေဖြစ်ကြတဲ့ ကချင်လွတ် မြောက်ရေးတပ်မတော် (ကေအိုင်အေ)နဲ့ ကရင်အမျိုးသားအစည်းအရုံး (ကေအန်ယူ) တို့လို အဖွဲ့အစည်းတွေကလည်း စစ်အာဏာရှင်ဆန့်ကျင်ကာ ပူးပေါင်းလိုတဲ့ ရှေ့တန်း ရောက် မြန်မာ့တပ်မတော်သားတွေကို လက်ကမ်းကြိုဆိုနေတာကို တွေ့ရပါတယ်။

http://burmese.dvb.no/archives/517385

-----------------------------------------------------------------------------------------------

## ပူတာအိုတွင် စစ်တပ်က လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် လင်မယားနှစ်ဦး သေဆုံး

Published By DVB | 16 February, 2022



လက်နက်ကြီး ထိမှန်ပြီး သေဆုံးသည့် လူငယ်လင်မယားနှစ်ဦး

ကချင်ပြည်နယ် ပူတာအိုမြို့၊ ဖတ်မာရွာမှာ ဖေဖော်ဝါရီ ၁၅ ရက် ည ၈ နာရီဝန်းကျင်လောက်က စစ်ကောင်စီတပ် လက်နက်ကြီးနဲ့ ရမ်းသမ်းပစ်ခတ်မှုကြောင့် လူငယ်လင်မယားနှစ်ဦး သေဆုံးသွားတယ်လို့ ရွာခံတစ်ဦးက ပြောပါတယ်။

“မနေ့ည ၈ နာရီလောက်မှာ စစ်ကောင်စီတပ်စွဲထားတဲ့နေရာကို KIA ၊ PDF ပူးပေါင်းတပ်ဖွဲ့က အလစ်ငိုက်တိုက်ခိုက်လို့ စစ်ကောင်စီဘက်က အထိနာသွားတယ်။ စစ်ကောင်စီဘက်ကတော့ ထုံးစံအတိုင်း လက်နက်ကြီးနဲ့ နေရာတစ်ကာကို ရမ်းသမ်းပစ်လို့ ရွာက လူငယ်လင်မယားနှစ်ဦး ထိပြီး ဆုံးသွားတယ်။”

ပူတာအိုပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ထဲက ရဲဘော်တစ်ဦးက "စစ်ကောင်စီတပ်ဖွဲ့ကို အလစ်တိုက်လိုက်တာပါ။ သူတို့နေတဲ့နေရာကို လက်နက်ကြီးနဲ့ပစ်လိုက်လို့ သူတို့ဘက်က အထိနာသွားတယ်။ ဘယ်လောက် ထိခိုက်သေဆုံးတယ်ဆိုတာ မသိရသေးဘူး။ တိုက်ပွဲအနေအထားက ပြောက်ကျားတိုက်ပွဲပဲဖြစ်ခဲ့တယ်။” လို့ ပြောပါတယ်။

ပူတာအိုမြို့နယ်ထဲက ဖတ်မာရွာခံ လူငယ်လင်မယားတို့ဟာ တိုက်ပွဲဖြစ်နေချိန် ဆိုင်ကယ်နဲ့ထွက်ပြေးရင်းက လက်နက်ကြီး ထိမှန်သေဆုံးရတာဖြစ်ပြီး အိမ်ထောင်သက်တမ်းလည်း တစ်နှစ်သာ ရှိသေးတယ်လို့ မိသားစုနဲ့နီးစပ်သူတစ်ဦးက ပြောပါတယ်။

ပူတာအိုခရိုင်မှာ ၂၀၂၂ခုနှစ်အတွင်း ကချင်လွတ်မြောက်ရေးတပ်မတော် (KIA)၊ ပြည်သူ့ကာကွယ်ရေးတပ် (PDF) ပူးပေါင်းအဖွဲ့တွေနဲ့ စစ်ကောင်စီတပ်တို့ တိုက်ပွဲပြင်းထန်နေပြီး စစ်ကောင်စီဘက်က ၄၀ ထက်မနည်း သေဆုံးခဲ့တာဖြစ်ပါတယ်။

ပူတာအိုစခန်းသိမ်းတိုက်ပွဲတွေကြောင့် ဒေသခံပြည်သူတွေလည်း ဘေးလွတ်ရာကို ထွက်ပြေးသိမ်းရှောင်နေရတာ ဖြစ်ပါတယ်။

http://burmese.dvb.no/archives/517294

------------------------------------------------------------------------------------------------

## စစ်တပ်မီးရှို့သတ်ခဲ့သည့် ဂိုဒေါင်စောင့်အလုပ်သမား ၂ ဦးအပါအဝင် အပြစ်မဲ့ကျဆုံးပြည်သူ ၁၅၅၃ ဦးရှိလာ

Published By DVB | 16 February, 2022




မြန်မာနိုင်ငံမှာ မတရားအာဏာသိမ်းကာလ ၁ နှစ်ကျော်အတွင်း စစ်ကောင်စီတပ်တွေရဲ့ အကြမ်းဖက်ပစ်ခတ်သတ်ဖြတ်မှုကြောင့် အပြစ်မဲ့ကျဆုံးပြည်သူ ၁၅၅၃ ယောက်နဲ့ ဖမ်းဆီး ထိန်းသိမ်းခံရသူပေါင်း ၁၂၁၅၈ ယောက်ထိ ရှိလာခဲ့ပြီလို့ နိုင်ငံရေးအကျဉ်းသားများကူညီ စောင့်ရှောက်ရေးအသင်း (အေအေပီပီ) က ထုတ်ပြန်ပါတယ်။

ဒီစာရင်းဟာ ပြီးခဲ့တဲ့ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီ ၁၅ ရက်အထိ အေအေပီပီက ကောက်ယူမှတ်တမ်းပြုစုထားတာဖြစ်ပြီး အမှန်တကယ်ကျဆုံးသူတွေဟာ ဒီထက်ပိုနိုင်တယ်လို့ ဖော်ပြထားပါတယ်။

နွေဦးတော်လှန်ရေးကာလအတွင်း ဒီနေ့အထိ ၉၁၄၇ ယောက် လက်ရှိချုပ်နှောင်ခံထားရဆဲဖြစ်ပြီး အဲဒီထဲက အယောက် ၇၁၀ ကတော့ ထောင်ဒဏ်ချမှတ်ခံထားရပါတယ်။

ပြစ်ဒဏ်ကျခံရသူတွေထဲက အသက် ၁၈ နှစ်အောက် ကလေး ၂ ယောက်အပါအဝင် ၄၅ ယောက်ကတော့ သေဒဏ်ချမှတ်ခံထားရတယ်လို့ ဆိုပါတယ်။

ဖမ်းဝရမ်းထုတ်ခံထားရတာကြောင့် တိမ်းရှောင်နေသူ ၁၉၇၄ ယောက်ထဲက မျက်ကွယ် သေဒဏ်ချမှတ်ခြင်းခံထားရသူ ၃၉ ယောက်အပါအဝင် ၁၁၈ ယောက်ကတော့ မျက်ကွယ် ပြစ်ဒဏ်ချခံထားရပြီး သေဒဏ်ချမှတ်ခံထားရသူ စုစုပေါင်း ၈၄ ယောက် ရှိပြီဖြစ်ပါတယ်။

ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၁၄ ရက်က ရှမ်းပြည်နယ်၊ ရွာငံမြို့၊ နွားဘန်းကြီးကျေးရွာမှာ ခြံကနေ အိမ်ကို ပြန်လာတဲ့ အသက် ၂၀ ဝန်းကျင်အရွယ် ကိုဇင်မင်းခိုင်ကို စစ်ကောင်စီ တပ်သားတွေက သေနတ်နဲ့ အချက်ပေါင်းများစွာ ပစ်သတ်ခဲ့ကြပြီး သူ့ရဲ့ ရုပ်အလောင်းကိုလည်း ယူဆောင်သွားခဲ့ကြောင်း သိရှိရပါတယ်။

ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်၊ စံပြသုံးမိုင် ပကြဲကျေးရွာမှာတော့ ဖေဖော်ဝါရီ ၁၀ ရက်က အရပ်သား ၂ ယောက်ဖြစ်တဲ့ အသက် ၂၆ နှစ်အရွယ် စောကလိုစေးနဲ့ အသက် ၅၀ ကျော်အရွယ် ဦးဖွဲ တို့ကို စစ်အုပ်စုတပ်က မီးရှို့သတ်ဖြတ်ခဲ့တယ်လို့ သိရပါတယ်။ သူတို့ ၂ ယောက်ဟာ ဂိုဒေါင်စောင့်အလုပ်သမားတွေ ဖြစ်ကြပြီး မီးရှို့ခံရတဲ့ နေရာဟာ စောကလိုစေး နေထိုင်တဲ့ နေအိမ်ခြံထောင့်မှာဖြစ်တယ်လို့ ဆိုပါတယ်။

အရပ်ဘက်အဖွဲ့အစည်းတွေက ခေါင်းဆောင်တွေ၊ အရပ်သားတွေ၊ တက်ကြွလှုပ်ရှားသူတွေ၊ သတင်းသမားတွေ၊ CDM လှုပ်ရှားနေတဲ့ ဝန်ထမ်းတွေစတဲ့ နယ်ပယ်အသီးသီးမှ ဘယ်သူမဆို ဖမ်းဆီး၊ ထိန်းသိမ်း၊

တရားစွဲဆိုခံထားရတာတွေနဲ့ ပတ်သက်လို့ နွေဦးတော် လှန်ရေးကာလအတွင်း ကျဆုံးသွားသူတွေရဲ့ အချက်အလက်တွေကိုသိရှိပါက အေအေပီပီကို ဆက်သွယ်အသိပေး အကြောင်းကြားနိုင်ပါတယ်။

ဒါ့အပြင် ကျဆုံးအချက်အလက်တွေကို ဖော်ပြပါ fatality-data@aappb.org အီးမေးလ်နဲ့ အဖမ်းအဆီးအချက်အလက်တွေကို detention-data@aappb.org အီးမေးလ်တွေဆီလည်း တိုက်ရိုက်ပေးပို့ ဆက်သွယ်အကြောင်းကြားနိုင်ကြောင်း အသိပေးထားပါတယ်။

http://burmese.dvb.no/archives/517244

----------------------------------------------------------------------------------------------------

## ပါကစ္စတန်မှာ လက်နက်ဝယ်ဖို့ မြန်မာစစ်တပ်ကို တရုတ်လမ်းကြောင်းနေသလား

By ဧရာဝတီ | 16 February 2022

ပါကစ္စတန်နှင့် မြန်မာအကြား စစ်ရေးပူးပေါင်းဆောင်ရွက်မှုသည် အရှိန်အဟုန်ရလာနေပြီး မြန်မာနိုင်ငံ စစ်လက်နက်ပစ္စည်း ဝယ်ယူမှုညွှန်ကြားရေးမှူးရုံးမှ အဆင့်မြင့်စစ်ဘက်ကိုယ်စားလှယ်အဖွဲ့တခုသည် မြန်မာသို့ပေးပို့မည့် လက်နက်များကို စစ်ဆေးရန်အတွက် မကြာမီ ပါကစ္စတန်သို့ ရောက်လာရန် စီစဉ်ထားကြောင်း အိန္ဒိယသတင်းဌာန The Economic Times က ရေးသည်။

မြန်မာစစ်တပ်သည် ၆၀ နှင့် ၈၁ မမ မော်တာများ၊ M-79 ဗုံးပစ်လောင်ချာများနှစ် စက်သေနတ်ကြီးများကို ပါကစ္စတန်မှ ဝယ်ယူရန် စီစဉ်ထားပြီး ထိုပစ္စည်းများကို မြန်မာသို့မပေးပို့မီ စစ်ဆေးရန် အဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် ပါကစ္စတန်သို့ မကြာမီရောက်ရှိလာမည်ဖြစ်ကြောင်း ခိုင်မာသော သတင်းရင်းမြစ်များထံမှ သိရကြောင်း သတင်းက ဆိုသည်။

မြန်မာနိုင်ငံသည် ပါကစ္စတန်ထံမှ ဝေဟင်မှမြေပြင်သို့ ပစ်သည့် ဒုံးကျည်များကိုလည်း ဝယ်ယူရန် ရည်မှန်း နေကြောင်းလည်း ဆိုသည်။ ထိုဒုံးကျည်များကို JF-17 တိုက်လေယာဉ်များအတွက် ဝယ်ယူလိုခြင်း ဖြစ်သည်။ လက်နက်ရောင်းချမှု ပိတ်ပင်ချက်တခုအရ မြန်မာစစ်တပ်သည် ထိုဒုံးကျည်များကို တရုတ်ထံမှ တိုက်ရိုက်ဝယ်ယူနိုင်ခြင်း မရှိပေ။ မြန်မာနိုင်ငံသည် ၂၀၁၅ ခုနှစ်တွင် JF-17 များ တင်သွင်းခွင့်ရသည့် ပထမဆုံး နိုင်ငံများတွင် ပါဝင်လာခဲ့သည်။ JF-17 များသည် အပေါ့စား ဘက်စုံသုံး တိုက်ခိုက်ရေး လေယာဉ်များဖြစ်ပြီး Pakistan Aeronautical Complex နှင့် တရုတ်မှ Chengdu Aircraft Industries Corporation တို့က ပူးပေါင်းထုတ်လုပ်သည့် လေယာဉ်များ ဖြစ်သည်။

မြန်မာနိုင်ငံတွင် စစ်အာဏာသိမ်းပြီးသောအခါ ပါကစ္စတန်သည် တရုတ်၏ အားပေးမှုဖြင့် မြန်မာနှင့် စစ်ရေး ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန် အခွင့်အလမ်းကို တွေ့သွားကြောင်း အမည်မဖော်လိုသည့် မြန်မာ့အရေး ကျွမ်းကျင်သူတဦးကို သတင်းတွင် ကိုးကားသည်။

ပါကစ္စတန်နိုင်ငံ ဘောဂျင်းနှင့် ရေငုတ်သင်္ဘောဆိုင်ရာ ကိရိယာများ ထုတ်လုပ်ရေးတွင် ပိုမိုနက်ရှိုင်းစွာ ဆက်ဆံရေးကို မျှော်မှန်းနေပြီး တရုတ်လုပ် စစ်လက်နက်ပစ္စည်းများ ပြုပြင်ထိန်းသိမ်းရေးတွင် ပါကစ္စတန်ကို ဆောင်ရွက်ခွင့်ပေးစေလိုကြောင်း၊ အရေးကြီးသော အချက်တခုမှာ ပါကစ္စတန်ကာကွယ်ရေး စက်မှုလုပ်ငန်းကို တရုတ်လက်နက်ဈေးကွက် ဖြစ်ခွင့်ပေးရေး ဖြစ်ကြောင်း The Economic Times က ရေးသည်။

ပါကစ္စတန်နှင့် စစ်ဘက်ဆက်ဆံရေးကို အဓိက အားပေးနေသူများအနက် တဦးမှာ ယခင်အာဏာရှင်ဟောင်း ဗိုလ်ချုပ်နေဝင်း၏မြေး အေးနေဝင်းဖြစ်ကြောင်း၊ အေးနေဝင်းသည် ထောင်မှ ပြန်လွတ်လာအပြီး မြန်မာစစ်တပ်နှင့် ပြန်လည်နီးစပ်သွားကာ မြန်မာမှ ပါကစ္စတန် သံတမန်များနှင့် မကြာသေးမီက ထိတွေ့ဆက်ဆံခဲ့ကြောင်းလည်း သတင်းက ရေးသည်။

လွန်ခဲ့သော စက်တင်ဘာလအတွင်းက ပါကစ္စတန်ကာကွယ်ရေး ဝန်ကြီးဌာနမှ အဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ တဖွဲ့သည် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သော်လည်း ထိုခရီးစဉ်ကို နှစ်ဘက်စလုံးက ထုတ်ပြန်ကြေညာခြင်း မရှိပေ။

ထိုခရီးစဉ်တွင် နှစ်နိုင်ငံတို့ အဆင့်မြင့်လက်နက်နည်းပညာများ၊ လေယာဉ် ပြုပြင်ထိန်းသိမ်းရေးနှင့် ရေတပ် လက်နက်ခဲယမ်းများအကြောင်း ဆွေးနွေးကြောင်း သိရသည်။ ဗိုလ်မှူးချုပ်အဆင့်ရှိသူတဦး ဦးဆောင်သည့် ပါကစ္စတန် ကိုယ်စားလှယ်အဖွဲ့သည် စစ်ကောင်စီခန့် မြန်မာကာကွယ်ရေးဝန်ကြီးနှင့် တွေ့ဆုံခဲ့ပြီး အဆင့်မြှင့်တင်ထားသည့် JF-17 (Block III) လေယာဉ်များနှင့် ဝေဟင်မှ မြေပြင်ပစ် ဒုံးကျည်များ ဝယ်ယူရေးကို ဆွေးနွေးကြကြောင်း သိရသည်။

မြန်မာမှ ရိုဟင်ဂျာများကို အကြမ်းဖက်မှုများနှင့် ပါကစ္စတန်က မြန်မာမှ လူမျိုးစုများကို လက်နက်တပ်ဆင် လေ့ကျင့်ပေးနေသည်ဆိုသည့် စွပ်စွဲချက်များကြောင့် ပါကစ္စတန်နှင့် မြန်မာအကြား ဆက်ဆံရေးသည် လွန်ခဲ့သော ဆယ်စုနှစ်ဝက်အတွင်း အနည်းငယ် အဆင်မပြေ ဖြစ်ခဲ့သည်။

ကိုးကား။ ။ The Economic Times မှ Myanmar and Pakistan in arms deal, guided by China

https://burma.irrawaddy.com/news/2022/02/16/249947.html

---------------------------------------------------------------------------------------------------

## စစ်လက်နက် သယ်လာတယ်လို့ ယူဆရတဲ့ အီရန်လေယာဉ် နေပြည်တော်ကိုဆင်း

2022.02.16



၂၀၁၆ ခုနှစ်တပ်မတော်စစ်ရေးပြ အခမ်းအနား။ File Photo - AFP

စစ်ကောင်စီကို ထောက်ပံ့ဖို့ လက်နက်ပစ္စည်းတွေ သယ်လာတယ်လို့ ယူဆရတဲ့ အီရန်လေယာဉ်တစ်စင်း ဖေဖော်ဝါရီ ၁၆ ရက် ဒီနေ့ နံနက်ပိုင်းက နေပြည်တော်လေဆိပ်ကို ဆိုက်ရောက်ခဲ့တယ်လို့ ဟောင်ကောင်အခြေစိုက် အေးရှားတိုင်းမ်စ်သတင်းက ဖော်ပြလိုက်ပါတယ်။

အဲ့ဒီအီရန်လေယာဉ်ထဲမှာ စစ်ဘက်ဆိုင်ရာပစ္စည်းတွေ ပါတယ်လို့ယူဆရတဲ့ ကုန်သေတ္တာ ၂၁ လုံးကို သယ်ဆောင်လာကြောင်း ခိုင်မာတဲ့ သတင်းရင်းမြစ်က အေးရှားတိုင်းမ်စ်ကို သတင်းပေးထားတယ်လို့ ဆိုပါတယ်။

အဲ့ဒီကုန်သေတ္တာတွေထဲမှာ ဘာပစ္စည်းတွေပါလဲဆိုတာတော့ တိတိကျကျ မသိရသေးဘူးလို့လည်း ပြောပါတယ်။

ဒီအီရန်လေယာဉ်ဟာ ဒီနေ့ ဒါမှမဟုတ် မနက်ဖြန်မှာ မြန်မာပြည်ကနေ ရောင်းရငွေ အမေရိကန်ဒေါ်လာတွေပိုက်ပြီး ပြန်ထွက်ဖို့ရှိတယ်လို့လည်း သတင်းမှာ ဖော်ပြပါတယ်။

*"ဆီးရီးယား စစ်ပွဲမှာ သုံးခဲ့တဲ့ ဓာတုလက်နက်တွေနဲ့ ဒရုန်းလေယာဉ်ငယ်လေးတွေကို ဒီအီရန်လေယာဉ်က သယ်ဆောင်လိမ့်မယ်၊ ဒီလေယာဉ်ဟာ ဥဇဘက်ကစ္စတန်နိုင်ငံမှာ ခဏရပ်ပြီး မြန်မာပြည်မှာ ပိုက်ဆံ ရိုက်နှိပ်ဖို့ ငွေစက္ကူနဲ့ တခြားလိုတဲ့ ပစ္စည်းတွေကို တင်လိမ့်မယ်"* လို့ ပေါက်ကြားလာတဲ့ ထောက်လှမ်းရေးသတင်းတွေကို ကိုးကားပြီး သတင်းရင်းမြစ် တစ်ယောက်ကလည်း ပြောတယ်လို့ အေးရှားတိုင်းမ်စ်သတင်းမှာ ဖော်ပြပါတယ်။

ဒီပြောဆိုချက်နဲ့ ပတ်သက်လို့ အတည်ပြုနိုင်ခြင်းမရှိဘူးလို့ ပြောပါတယ်။

အေးရှားတိုင်းမ်စ်သတင်းမှာ ဖော်ပြချက်တွေနဲ့ ပတ်သက်လို့ စစ်ကောင်စီဘက်က တုံ့ပြန်ချက်သိနိုင်ဖို့ RFA က ပြောခွင့်ရ ဗိုလ်ချုပ်ဇော်မင်းထွန်းကို မေးမြန်းဖို့ ကြိုးစားနေဆဲ ဖြစ်ပါတယ်။

ပြီးခဲ့တဲ့ ဇန်နဝါရီလ ၁၃ ရက်နေ့ကလည်း အီရန်ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်ကို ရောက်ရှိခဲ့ပါတယ်။ အဲ့ဒီနောက်တစ်နေ့မှာလည်း အီရန်လေယာဉ်တစ်စီး ပထမအကြိမ် နေပြည်တော်ကို ဆင်းသက်ခဲ့ပြီး ဒီတခေါက်က ဒုတိယအကြိမ် ဖြစ်တယ်လို့ အေးရှားတိုင်းမ်စ်ကဆိုပါတယ်။

https://www.rfa.org/burmese/news/iranian-plane-lands-in-myanmar-coup-asiatimes-02162022071122.html

---------------------------------------------------------------------------------------------------------

## ဒီမိုကရေစီညွှန်းကိန်းတွင် မြောက်ကိုရီးယားအောက် မြန်မာရောက်

By ဧရာဝတီ | 16 February 2022

Economist Intelligence Unit (EIU) ၏ နောက်ဆုံးရ ဒီမိုကရေစီ ညွှန်းကိန်းအရ ယမန်နှစ်က ကမ္ဘာပေါ်တွင် မြန်မာနိုင်ငံသည် ဒီမိုကရေစီနည်းကျ အနည်းဆုံးသော နိုင်ငံများအနက် မြောက်ကိုရီးယား၊ အာဖဂန်နစ္စတန်တို့နှင့်အတူ ဇယားအောက်ဆုံးတွင် ကျရောက်နေသည်။

နိုင်ငံပေါင်း ၁၆၇ နိုင်ငံကို လေ့လာဆန်းစစ်ချက်အရ ယမန်နှစ် စစ်အာဏာသိမ်းမှုအပြီး ဖရိုဖရဲအခြေအနေများ ဖြစ်ပေါ်နေသည့် မြန်မာနိုင်ငံသည် အဆင့် ၁၆၆ တွင် ရောက်နေပြီး အထက်တွင် မြောက်ကိုရီးယားနှင့် အောက်တွင် အာဖဂန်နစ္စတန်သာ ရှိတော့သည်ဟု EIU အစီရင်ခံစာသစ်က ဖော်ပြသည်။

မြန်မာတွင် စစ်အာဏာသိမ်းမှုနှင့် အာဖဂန်နစ္စတန်တွင် တာလီဘန်တို့ ပြန်လည် ကြီးစိုးလာခြင်းက မြောက်ကိုရီးယားကို အဆိုပါ နှစ်နိုင်ငံအထက်သို့ ဇယားတွင် ရောက်သွားစေခြင်းဖြစ်သည်။ ၂၀၂၀ ပြည့်နှစ် ညွှန်းကိန်းတွင် မြန်မာနိုင်ငံသည် အဆင့် ၁၃၅ ရှိခဲ့သည်။

| Bottom 5 | Country | Score |
|---|---|---|
| 163 | Central African Republic | 1.43 |
| 164 | Dem. Republic of Congo | 1.40 |
| 165 | North Korea | 1.08 |
| 166 | Myanmar | 1.02 |
| 167 | Afghanistan | 0.32 |

EIU ၏ ဒီမိုကရေစီညွှန်းကိန်း

EIU က နှစ်စဉ် ထုတ်ပြန်သည့် စစ်တမ်းတွင် နိုင်ငံများ၏ ဒီမိုကရေစီကို အခြေခံ အချက် ၅ ချက်ဖြင့် တိုင်းတာသည်။ ရွေးကောက်ပွဲ လုပ်ငန်းစဉ်နှင့် ဗဟုဝါဒ၊ အစိုးရလုပ်ငန်း လည်ပတ်မှု၊ နိုင်ငံရေးအရ ပါဝင်ဆောင်ရွက်နိုင်မှု အခြေအနေ၊ ဒီမိုကရေစီနိုင်ငံရေး အလေ့အထနှင့် ပြည်သူလူထု လွတ်လပ်ခွင့်များတို့ ဖြစ်သည်။

နှစ်စဉ် ဒီမိုကရေစီ ညွှန်းကိန်း၌ နော်ဝေ၊ နယူးဇီလန်၊ ဖင်လန်၊ ဆွီဒင်၊ အိုက်စ်လန်၊ ဒိန်းမတ်၊ အိုင်ယာလန်၊ ဩစတြေးလျနှင့် ဆွစ်ဇာလန်တို့သည် ထိပ်တန်း ၁၀ နိုင်ငံစာရင်းတွင် အမြဲပါဝင်သည်။

အာဏာသိမ်းစစ်ကောင်စီသည် ရွေးကောက်ပွဲ မသမာဟု အကြောင်းပြကာ ရွေးကောက်ခံ အစိုးရအဖွဲ့ဝင်များကို ဖမ်းဆီးထားပြီး နှစ်ရှည်ထောင်ဒဏ်များ ချမှတ်နေသည်။ ယမန်နှစ် ဖေဖော်ဝါရီလက စစ်အာဏာသိမ်းပြီး နောက်ပိုင်း စစ်ကောင်စီသည် အနည်းဆုံး လူ ၁,၅၄၀ ဦးကို သတ်ဖြတ်ခဲ့ပြီး အခြား လူ ၁၂,၀၀၀ ကို ဖမ်းဆီးခဲ့ပြီးဖြစ်သည်။

https://burma.irrawaddy.com/news/2022/02/16/249966.html

-------------------------------------------------------------------------------------------------

## ICJ မှာ တရားရင်ဆိုင်ဖို့ ဥပဒေအဖွဲ့သစ်ကို NUG ဖွဲ့စည်း

2022.02.16



Steven Powles QC နဲ့ Professor Jean-Marc Thouvenin တို့ကို တွေ့ရစဉ် Photo: Carnegie Peace Building Conversations and doughtystreet website

အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ) မှာ ဂမ်ဘီယာနိုင်ငံက တရားစွဲထားတဲ့အမှုအတွက် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ရဲ့ ဥပဒေအဖွဲ့သစ်ကို NUG ရဲ့ ယာယီသမ္မတ ဒူဝါလရှီးလ က ဖေဖော်ဝါရီ ၁၅ ရက် မနေ့က ကြေညာလိုက်ပါတယ်။

အဲဒီ ဥပဒေအဖွဲ့ထဲမှာ နိုင်ငံတကာက ဥပဒေကျွမ်းကျင်ပညာရှင်၊ လူ့အခွင့်အရေးနဲ့ စစ်ရာဇဝတ်မှုဆိုင်ရာ ကျွမ်းကျင်ပညာရှင် နှစ်ယောက် ပါဝင်တယ်လို့ ဖော်ပြထားပါတယ်။

NUG ရဲ့ ICJ အရေး ဥပဒေအဖွဲ့သစ်မှာ သဟိဂ် (The Hague) မြို့ အပြည်ပြည်ဆိုင်ရာ ဥပဒေ တက္ကသိုလ်ရဲ့ အထွေထွေအတွင်းရေးမှူးချုပ်၊ ပြင်သစ်လူ့အဖွဲ့အစည်းရဲ့ နိုင်ငံတကာရေးရာ ဥပဒေဘုတ်အဖွဲ့ဝင်၊ ပဲရစ်နောင်တဲ တက္ကသိုလ်ရဲ့ ပါမောက္ခ မစ္စတာ ဂျွန်မာ့စ်သူဗီနင် (Professor Jean-Marc Thouvenin) နဲ့ နိုင်ငံတကာတရားရုံးတွေမှာ လူ့အခွင့်အရေး၊ မဟုတ်မမှန်အကျဉ်းချခြင်း၊ စစ်ရာဇဂတ်မှုတွေမှာ ကျွမ်းကျင်တဲ့ရှေ့နေ Steven Powles QC တို့ ပါဝင်နေပါတယ်။

အဲဒီ ဥပဒေပညာရှင် နှစ်ယောက်ဟာ ကုလသမဂ္ဂဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကျော်မိုးထွန်းနဲ့ လက်တွဲဆောင်ရွက်သွားမယ်လို့ ထုတ်ပြန်ချက်မှာပါရှိပါတယ်။

လက်ရှိ စစ်ကောင်စီက ပြည်သူတွေအပေါ် လူ့အခွင့်အရေးချိုးဖောက်နေတဲ့ အထောက် အထားတွေကိုလည်း NUG အနေနဲ့ စုဆောင်းပြီး ICJ မှာ တင်ပြဖို့လုပ်နေတယ်လို့ ဆိုပါတယ်။

NUG အနေနဲ့ ICJ အမှုအပေါ် ကန့်ကွက်ခဲ့မှုတွေအပေါ် ရုပ်သိမ်းထားကြောင်းကိုလည်း တရားရုံးကို အသိပေးပြီးဖြစ်တယ်လို့ ထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။

မြန်မာနိုင်ငံမှာ ၂၀၁၆၊ ၂၀၁၇ ကာလတွေက ရိုဟင်ဂျာတွေအပေါ် လူမျိုးတုံး သတ်ဖြတ်မှု ကျူးလွန်ခဲ့တယ်ဆိုတဲ့ စွပ်စွဲချက်နဲ့ ဂမ်ဘီယာနိုင်ငံက NLD ဦးဆောင်တဲ့ မြန်မာအစိုးရ အပေါ် အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ) မှာ တရားစွဲဆိုခဲ့မှုအပေါ် အစောပိုင်းမှာ ကန့်ကွက်ခဲ့ပေမယ့် စစ်အာဏာသိမ်းမှုနောက်ပိုင်း ပေါ်ပေါက်လာတဲ့ NUG အစိုးရက အဲဒီကန့်ကွက်မှုတွေကို ပြန်ရုပ်သိမ်းခဲ့တာဖြစ်ပါတယ်။

https://www.rfa.org/burmese/news/nug-icj-02162022061025.html

-------------------------------------------------------------------------------------------------

## ဆွမ်ပရာဘွမ်မြို့အနီး KIA နှင့် ဖြစ်ပွားသည့် တိုက်ပွဲတွင် စစ်ကောင်စီတပ်ဖွဲ့ဝင် ၃ ဦး သေဆုံးဟုဆို

By မဇ္ဈိမ | 16 February 2022




ကချင်ပြည်နယ်၊ မြစ်ကြီးနား-ဆွန်ပရာဘွမ် -ပူတာအိုလမ်း ဆွမ်ပရာဘွမ်မြို့နယ် မလိယန်ရွာ အနီးတွင် စစ်ကောင်စီတပ်နှင့် ကချင်လွပ်မြောက်ရေး တပ်မတော် KIA တို့ ယမန်နေ့ ဖေဖော်ဝါရီလ ၁၅ ရက် မနက် ၁၀ နာရီခန့်က တိုက်ပွဲ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

စစ်ကောင်စီတပ်ဖွဲ့ဝင်များ ဆွမ်ပရာဘွမ်သို့ စားနပ်ရိက္ခာ လာရောက် သယ်ဆောင်စဉ် KIA တပ်မဟာ (၁)၊ တပ်ရင်း (၁၀) က စောင့်ကြို တိုက်ခိုက်သောကြောင့် စစ်ကောင်စီ တပ်ဖွဲ့ဝင် သုံးဦး သေဆုံးပြီး ဒဏ်ရာ ရသူများရှိကြောင်း ဒေသခံများက ပြောသည်။

ယမန်နေ့ ညပိုင်းကလည်း မြစ်ကြီးနား-ပူတာအို လမ်းမပေါ် လုံရှာယန်ရွာနှင့် ဖတ်မာကျေးရွာကြားတွင် KIA နှင့် စစ်ကောင်စီတပ်တို့ တိုက်ပွဲ ပြင်းထန်ခဲ့ပြီး စစ်ကောင်စီတပ် ပစ်ခတ်သည့် လက်နက်ကြီးကြောင့် ဖတ်မာ ရွာသား နှစ်ဦး သေဆုံးခဲ့ကြောင်း ဆိုသည်။

မြစ်ကြီးနား-ပူတာအို လမ်းပိုင်း ညပိုင်း သွားလာခွင့် KIA က ပိတ်ပင်ထားပြီး ဖေဖော်ဝါရီလ ၆ ရက်နေ့မှ စတင်၍ အိမ်စီးကားနှင့် ခရီးသည်တင်ကားများသာ ဖြတ်သန်းခွင့် ပြုထားရာ ပူတာအို ဒေသတွင် စက်သုံးဆီဈေး အဆမတန် မြင့်မားနေပြီး ဓာတ်ဆီ တစ်ဂါလံ ကျပ် ၁၂၀၀၀ မှ ၁၅၀၀၀ အထိ ပေးဝယ်ရကြောင်း ပူတာအို ဒေသံက ဆိုသည်။

မြစ်ကြီးနား-ပူတာအို လမ်းပိုင်းကို KIA က ရာနှုန်းပြည့်နီးပါး ထိန်းချုပ်ထားကြောင်း ဒေသခံများက ဆိုသည်။

https://www.mizzimaburmese.com/article/99579

------------------------------------------------------------------------------------------

## ကေအိုင်အေ တပ်မဟာ ၁ နှင့် ၆ ဒေသတွင် တိုက်ပွဲဖြစ်၊ စစ်ကောင်စီတပ်သားများ သေဆုံးမှုရှိ

Published By DVB | 16 February, 2022



ကချင်ပြည်နယ် ဆွမ်ပရာဘွမ်မြို့နယ် မလိယန်ကျေးရွာနားမှာ ဖေဖော်ဝါရီ ၁၅ ရက် မနက် ၁၀ နာရီခွဲဝန်းကျင်က ကချင်လွတ်မြောက်ရေးတပ်မတော်နဲ့ စစ်ကောင်စီတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့တယ်လို့ သိရပါတယ်။

စစ်ကောင်စီတပ်ရဲ့ ခလရ(၁၃၈)က အင်အား ၁၂ ယောက်ဝန်းကျင်ပါတဲ့ တပ်ဖွဲ့တွေက ဆွမ်ပရာဘွမ်ကို ဆန်နဲ့ ရိက္ခာတွေ သယ်ယူဖို့သွားစဉ် ကချင်လွတ်မြောက်ရေးတပ်မတော် (ကေအိုင်အေ) တပ်မဟာ(၁)၊ တပ်ရင်း(၁၀) ဒေသ မလိယန်ကျေးရွာနားမှာ နှစ်ဖက် အမှတ်မထင်ထိတွေ့တိုက်ပွဲဖြစ်ပွားတာလို့ သိရပါတယ်။

တိုက်ပွဲဖြစ်ပွားတာကြောင့် စစ်ကောင်စီတပ်သား ၃ ယောက် သေဆုံးသလို ထိခိုက်ဒဏ်ရာရတဲ့သူတွေလည်း ရှိတယ်လို့ သိရပါတယ်။

ရှမ်းပြည်နယ်မြောက်ပိုင်း ကချင်လွတ်မြောက်ရေးတပ်မတော် တပ်မဟာ (၆)၊ တပ်ရင်း (၃၆) မှန်းကိုးဒေသ ဆပ်ခူးချောင်းအနီး ရှောင်ဖောင်းကျေးရွာဟောင်းမှာလည်း ဖေဖော်ဝါရီ ၁၅ ရက်နေ့ နေ့လယ် ၁

နာရီလောက်က ကချင်လွတ်မြောက်ရေးတပ်မတော်နဲ့ စစ်ကောင်စီတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့တယ်လို့ သိရပါတယ်။

စစ်ကောင်စီရဲ့ ခလရ (၂၈၇) နဲ့ ခမရ (၄၂၀) ပူးပေါင်းတပ်အင်အား ၁၅၀ လောက်က ကချင်လွတ်မြောက်ရေးတပ်မတော်နယ်မြေထဲကို တပ်စွဲနေရာယူလာတာကြောင့် နှစ်ဖက်တိုက်ပွဲဖြစ်ပွားခဲ့သလို မုံးကိုးဗျူဟာကုန်းဘက်ကလည်း လက်နက်ကြီးတွေနဲ့ ရမ်းသမ်းပစ်ခတ်တာတွေ ပြုလုပ်ခဲ့တယ်လို့ သိရပါတယ်။

http://burmese.dvb.no/archives/517239

-----------------------------------------------------------------------------------------------------

## တပ်ရိက္ခာနှင့် လက်နက်ပစ္စည်းများပို့နိုင်ရန် BGF တပ်ဖွဲ့ဝင် ၃၀၀ ခန့် ထပ်မံအင်အားဖြည့်တင်းနေကြောင်း KNU တပ်မဟာ ၅ ပြော

ဖေဖော်ဝါရီ ၁၆ ရက်၊ ၂၀၂၂ခုနှစ်။ ကေအိုင်စီ



ကရင်အမျိုးသားအစည်းအရုံး-KNU တပ်မဟာ (၅) နယ်မြေတွင် စစ်ကောင်စီ၏ တပ်ရိက္ခာနှင့် လက်နက်အထောက်အကူပစ္စည်းများ ရှေ့တန်း စခန်းနယ်မြေများသို့ ကူညီပို့ဆောင်ပေးနိုင်ရန် နယ်ခြားစောင့်တပ် (BGF) တပ်ဖွဲ့ဝင် ၃၀၀ ခန့် ထပ်မံအင်အားဖြည့်ဆည်းမှုများလုပ်ဆောင်လာကြောင်း KNU တပ်မဟာ (၅) တာဝန်ရှိသူ များက ပြောသည်။

လက်နက်ရိက္ခာလမ်းကြောင်းများ ဖြတ်တောက်ခံရမှုကြောင့် အသေအပျောက်များလာသည့် ရှေ့တန်းရောက် စစ်ကောင်စီတပ်ဖွဲ့ဝင်များကို ရိက္ခာနှင့် လက်နက်ခဲယမ်း အရောက်ပို့ဆောင်ပေးနိုင်ရန် စစ်ကောင်စီ၏ ညွှန်ကြား မှုဖြင့် BGF တပ်ဖွဲ့ဝင်များကို ထပ်မံအင်အား ဖြည့်တင်းလာခြင်းဖြစ်ကြောင်း KNU တပ်မဟာ (၅) ဗျူဟာမှူး ဗိုလ်မှူးကြီး စောထူးကရှောက ယခုလိုပြောသည်။

“စစ်တပ်ဘက်က ထိခိုက်သေဆုံးမှု နေ့တိုင်းရှိနေတော့ ဖာပွန်ကို လက်နက်ရိက္ခာအရောက်ပို့ဖို့လိုတယ်။ တကယ် လို့ရောက်အောင် မပို့နိုင်ရင် အဲ့မှာရှိနေတဲ့ အုပ်ချုပ်ရေးနဲ့ စစ်တပ်တွေအတွက် အခက်အခဲရှိလာမှာပေ့ါ။ အဲ့ဒါကြောင့် အရောက်ပို့ဖို့က သူတို့မှာ အင်အားမလုံလောက်တော့ BGF ကို အကူအညီ တောင်းတာ။ လမ်း ကြောင်းပေါက်တဲ့အထိ လုပ်ဖို့ သူတို့မှာ အစီအစဉ် အသေအချာကို ရှိတယ်” ဟု သူက ကေအိုင်စီသို့ ပြောသည်။

တပ်မဟာ(၅)နယ်မြေတွင် ယခင် BGFတပ်ဖွဲ့ဝင် ၉၀၀ နီးပါးရှိထား၍ လက်ရှိတွင် ထပ်မံဖြည့်တင်း အင်အား ၃၀၀ သည် ရန်အောင်မြေအထိ ရောက်ရှိလာပြီး လက်နက်ရိက္ခာပို့ဆောင်နိုင်ရန် ယခင် ကျောက်ခင်းလမ်းများကို အသုံးမပြုတော့ဘဲ လမ်းဖောက်စက်ယန္တရားများပါ သယ်ဆောင်လာ၍ လမ်းအသစ် ဖောက်လုပ် မှုများပြုလုပ်နေကြောင်းလည်း ဗိုလ်မှူးကြီး စောထူးကရှောက ဆက်ပြောသည်။

အလားတူ စစ်ကောင်စီဘက်မှလည်း KNU တပ်မဟာ (၅) နယ်မြေကို အပြီးသတ်ချေမှုန်းရန် တပ်အင်အား ထပ်မံ ဖြည့်တင်းမှုများရှိနေပြီး ယခင် တပ်ရင်းပေါင်း ၂၈ ရင်းရှိရာမှ ယခု တပ်ရင်း (၄)ရင်း တိုးလာပြီး စုစုပေါင်း ၃၂ ရင်းအထိတိုးလာကာ လူအင်အား အားဖြင့် ၄၀၀၀ ဝန်းကျင်ရှိနိုင်ကြောင်း KNU ဘက်မှ ခန့်မှန်းပြောဆိုခဲ့သည်။

ယခု အင်အားဖြည့်တင်းလာသည့် BGF တပ်ဖွဲ့ဝင်များမှာ မည်သည့်တပ်ရင်းတပ်ဖွဲ့နှင့် မည်သူ့ ဦးဆောင်မှု အောက်က တပ်ဖွဲ့ဝင်များဖြစ်သည်ကို အတိအကျ မသိရှိရသေးသော်လည်း BGF တပ်နယ်အစုံမှ လက်အောက်ခံ တပ်ရင်းအစုံ တပ်ဖွဲ့ဝင်များဖြစ်ကြောင်း KNU က ဆိုသည်။

လက်ရှိ KNU တပ်မဟာ (၅) နယ်မြေတွင် တိုက်ပွဲ နေ့စဉ်ဖြစ်ပွားနေပြီး စစ်ရေးအရှိန်မြင့်တက်လာခြင်းကြောင့် ဖာပွန်မြို့အပေါ်ရှိ ဒေသခံအရပ်သားများလည်း မြို့ကို ရှောင်တိမ်းနေကြသလို ပြီးခဲ့သည့်လမှစ၍ KNU ၏ သတိပေးထုတ်ပြန်မှုကြောင့် စစ်ကောင်စီလက်အောက်ခံ အရပ်ဖက် ဝန်ထမ်း တစ်ရာကျော်လည်း မြို့မှ ထွက်ခွာသွားပြီးဖြစ်သည်ဟု သိရသည်။

ထိုသို့ တပ်မဟာ (၅) နှင့် တပ်မဟာ (၁) နယ်မြေများတွင် BGF တပ်ဖွဲ့ဝင်များ ထိခိုက်ကျဆုံးမှုများလာခြင်းနှင့် တိုက်ပွဲ ပိုပြင်းထန်လာခြင်းအပေါ် လက်မခံနိုင်ကြောင်းနှင့် ကရင်ပြည်နယ်အတွင်း တိုက်ပွဲများ ပိုပြင်းထန် လာမည့်အပေါ် မလိုလားကြောင်း BGF အမှတ် (၁၀၂၂) တပ်နယ်မှူး ဗိုလ်မှူး စောမုတ်သုန်က ပြီးခဲ့သည့် ရက်ပိုင်းတွင် ကျင်းပသည့် ကျုံဒိုးမြို့နယ်မီးပုံပွဲအခမ်းအနား၌ ထည့်သွင်း ပြောဆိုခဲ့သည်။

၎င်းအပြင် နိုင်ငံခြားရောက်နေသူများ၏ ငွေကြေးထောက်ပံ့မှုများဖြင့် စစ်ပွဲဖန်တီးမှုများကြောင့် ကရင်လူမျိုး များသာ အသက်ဆုံးရှုံးနေရကြောင်းနှင့် ထိုသို့ ပြုလုပ်ခြင်းသည် ကိုယ့်လူမျိုးကို ချစ်ရာမရောက်ဘဲ အချင်း ချင်းကြား ညီညွတ်ရေးကိုသာ ပြောဆိုရမည်ဖြစ်ကြောင်းလည်း ဗိုလ်မှူးစောမုတ်သုန်က ဆက်လက်ထည့်သွင်း ပြောဆိုသွားခဲ့သည်။

ယခုနှစ်ဦးစ ဇန်နဝါရီလ တစ်လတာအတွင်း တပ်မဟာ(၅)နယ်မြေတွင် စစ်ကောင်စီ၊ BGF ပူးပေါင်းတပ်နှင့် KNLA တပ်ဖွဲ့ဝင်များအကြား တိုက်ပွဲပေါင်း (၃၂၂) ကြိမ်ဖြစ်ပွားခဲ့ပြီး စစ်ကောင်စီပူးပေါင်းတပ်ဘက်မှ ၁၉၄ ဦးသေ ဆုံးကာ ၂၀၁ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း KNU ဘက်က သတင်းထုတ်ပြန်ထားသည်။

https://kicnews.org/2022/02/တပ်ရိက္ခာနှင့်-လက်နက်ပစ/

-----------------------------------------------------------------------------------------------

## ဖလူးဒေသအား KNLA ပူးပေါင်းတပ်တို့ ပြန်လည်သိမ်းပိုက်၊ စစ်ကောင်စီတပ် လေယာဉ်ဖြင့် ထပ်မံပစ်ခတ်မှု ပြုလုပ်

ဖေဖော်ဝါရီ ၁၆ ရက်၊ ၂၀၂၂ ခုနှစ်။ ကေအိုင်စီ

ပြီးခဲ့သည့် လကဖြစ်ပွားခဲ့သည့် တိုက်ပွဲအတွင်း ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်-KNLA ပူးပေါင်းတပ်ဖွဲ့တို့ ဆုတ်ခွာလိုက်ရသော ဖလူးလေးရွာရှိ လက်နက်ကြီးပစ်စခန်းကုန်းအပါအဝင် ဖလူးဒေသများအား ယနေ့ ဖေဖော်ဝါရီလ ၁၆ရက် နေ့လည်အချိန်ခန့်တွင် ပြန်လည်တိုက်ခိုက်ရယူနိုင်ခဲ့ပြီးဟု KNLA ပူးပေါင်းတပ်ဖွဲ့ဘက်က ပြောသည်။

ယမန်နေ့ ဖေဖော်ဝါရီလ ၁၅ ရက် နံနက်ပိုင်းမှ စတင်၍ စစ်ကောင်စီတပ်စွဲထားသည့် နေရာများအား KNLA တပ်မဟာ ၆ ပူးပေါင်းတပ်ဖွဲ့များက ဝိုင်းပတ်ပိတ်ဆို့ကာ ပစ်ခတ်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ပြီးနောက် ယနေ့ နေ့လည် ၁၂ နာရီခန့်တွင် ဖလူးလေးကျေးရွာထိပ်ရှိ စစ်ကောင်စီတပ်နှင့် နယ်ခြားစောင့်တပ်-BGF ပူးပေါင်းအခြေချ လက်နက်ကြီးပစ်စခန်းကုန်းအပါအဝင် ဖလူးကြီး၊ ဖလူးလေး ကျေးရွာဒေသများအား KNLA တပ်များက ပြန်လည်တိုက်ခိုက်ရယူနိုင်ခဲ့သည်ဟု မြေပြင်သတင်းအရ သိရသည်။



Photo_ ပုံဟောင်း-CJ

ဒေသတွင်း လှုပ်ရှားနေသည့် တပ်မှူးတစ်ဦးက " ကုန်းကိုတော့ နေ့လည်ကတည်းက ပြန်ထိုင်နိုင်ပြီးပေါ့နော်။ အဲဒီနေရာက အချက်အခြာကျတဲ့နေရာဆိုတော့ နင်ရောက် နင်နေ၊ ငါရောက် ငါနေပေါ့။ အခုတော့ ပြန်ထိုင်ကြတယ်ပေါ့"ဟု ကေအိုင်စီသို့ အတည်ပြု ပြောသည်။

အဆိုပါ တိုက်ပွဲ ဖြစ်ပွားရာ နေရာများတွင် မွန်းလွဲ ၃ နာရီအချိန်ခန့်က စစ်ကောင်စီဘက်မှ ရဟတ်ယာဉ် ၂ စီးဖြင့် လာရောက် ပစ်ခတ်ခဲ့မှုများ လုပ်ဆောင်သွားသဖြင့် ဒေသခံ အမျိုးသားတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သလို

ဘုရားကျောင်းနှင့် လူနေအိမ် အဆောက်အဦးအချို့လည်း ထိခိုက်ပျက်စီးမှုရှိသည်ဟု တာဝန်ရှိသူများက ပြောသည်။

ထိုတိုက်ပွဲကြောင့် စစ်ဘေးရှောင် နေရသူများ ထိုင်းနိုင်ငံဘက်အခြမ်းသို့ ကူးကာ တိမ်းရှောင် နေကြရပြန်ပြီး လက်ရှိအချိန်တွင် အချိန်အခါ မဟုတ် မိုးရွာသွန်းနေသည့်အတွက် အမိုးအကာ နှင့် နေရာထိုင်ခင်း အခက်အခဲများရှိနေကြောင်း ကူညီကယ်ဆယ်ရေးလုပ်ဆောင်နေသူများ၏ ပြောပြချက်အရ သိရသည်။

စစ်ကောင်စီဘက်မှ လေယာဉ်ပစ်ကူ ၊ လက်နက်ကြီး ပစ်ကူများ ဆက်လက် ပစ်ခတ်တိုက်ခိုက်လာပါက ထောင်ချီသည့် စစ်ဘေးရှောင်များ တိုက်ပွဲ လွတ်ရာသို့ ဆက်လက်စစ်ဘေးရှောင်ကြရန် ပြင်ဆင်ထားကြရကြောင်း လေးကေကော်သူကြီး စစ်ရှောင်စခန်းအား ကူညီလုပ်ဆောင်ပေးနေသည့် စခန်းတာဝန်ရှိသူများ ပြောစကားအရ သိရသည်။

https://kicnews.org/2022/02/ဖလူးဒေသအား-knla-ပူးပေါင်းတပ/

-----------------------------------------------------------------------------------------------

## လေးကေကော်တိုက်ပွဲ နှစ်လပြည့်ချိန်တွင် တစ်ကျော့ပြန်တိုက်ပွဲများဖြစ်ပွားနေ

**ဖေဖော်ဝါရီ ၁၆ ရက်၊ ၂၀၂၂ ခုနှစ်။ ကေအိုင်စီ**



Photo_ပုံဟောင်း(Ka hsaw Wah )

လေးကေကော်ဒေသတွင်း တိုက်ပွဲများဖြစ်ပွားနေသည့်ကာလ နှစ်လပြည့်ချိန် ဖေဖော်ဝါရီ ၁၅ နံနက်ပိုင်းတွင် လေးကေကော် ရပ်ကွက်တွင်းနှင့် ဖလူးလေး၊ ဖလူးကြီးကျေးရွာဘက်တို့တွင် တစ်ကျော့ပြန်တိုက်ပွဲများ ဖြစ်ပွား နေကြောင်း စစ်ဘေးရှောင် ဒေသခံများပြောစကားအရ သိရသည်။

" မနေ့က ဖလူးကြီး၊ ဖလူးလေးဘက်ဖြစ်တယ်၊ အခုဒီမနက် လေးကေကော်ဘက်ကတော့ အသံတွေ ကြားနေရတယ်၊ လက်နက်ကြီးတွေ အမြောက်ကုန်းကနေ နေရာစုံကို ပစ်ထုတ်နေတယ်၊ ဖလူးဘုရားကုန်း ဘက်ကလည်း ပစ်ခတ်သံကြားနေရတယ်။ ဘာဖြစ်အုံးမယ်မသိဘူး။ လေးကေကော် တစ်ဝိုက်ကို သူတို့ စစ်ကောင်စီတပ်တွေ ပြန်မဆုတ်ပေးသေးလို့ တိုက်ပွဲတွေက ဆက်ဖြစ်နေတယ်" ဟု လေးကေကော် ရက်ကွက် ၃ တွင် နေထိုင်ခဲ့သူ စစ်ဘေးရှောင်တစ်ဦးက ပြောသည်။

ဖေဖော်ဝါရီ ၁၁ ရက်နေ့က လေးကေကော် ဒေသတွင်း အပန်းဖြေ ရေတံခွန်စခန်း လေးကပေါ်ရေတံခွန်ဘက်သို့ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်-KNLA ပူးပေါင်းတပ်များရှိနေသည်ဟုဆိုကာစစ်ကောင်စီတပ်အင်အား ၁၀၀ ခန့်ပါ စစ်ကား ၁၆ စီးသည် နယ်မြေကျော်လွန် စစ်ကြောင်းထိုးလာမှုကြောင့် တိုက်ပွဲ ၂ ကြိမ် ဖြစ်ပွားခဲ့သည်ဟု မြေပြင်သတင်းအရ သိရသည်။



Photo_ပုံဟောင်း(Ka hsaw Wah )

အဆိုပါ တိုက်ပွဲတွင် KNU လက်အောက်ခံတပ်ဖွဲ့များဘက်မှ ထိခိုက်ကျဆုံးမှုမရှိဘဲ စစ်ကောင်စီဘက်မှ ၁ ဦးသေဆုံးပြီး ဒဏ်ရာရရှိသူ ၅ ဦးထက်မနည်းရှိခဲ့ကြောင်း၊ စစ်ကောင်စီအမြောက်ကုန်းဘက်မှလည်း လက်နက်ကြီး ပစ်ကူပေးရမ်းသမ်းပစ်ခတ်သဖြင့် ရေတံခွန်အပန်းဖြေ စခန်းနေရာများပျက်စီးခဲ့ကြောင်း KNLA ပူးပေါင်းတပ်ဖွဲ့မှ

တပ်မှူးတစ်ဦးက ပြောသည်။

မနေ့က ဖေဖော်ဝါရီလ ၁၄ ရက်နှင့် ယနေ့ ဖေဖော်ဝါရီလ ၁၅ရက်နေ့တွင် ဖလူးဒေသနှင့် လေးကေကော်ရပ်ကွက်အတွင်း KNLA တပ်မဟာ ၆ ပူးပေါင်းတပ်ဖွဲ့နှင့် စစ်ကောင်စီတပ်တို့အကြား တစ်ကျော့ပြန်တိုက်ပွဲများပြန်လည်ဖြစ်ပွားနေသကဲ့သို့ ကော့ကရိတ်ဒေသဘက်တွင်လည်း ရေကျော်ကြီး၊ ရေကျော်လေးကျေးရွာဘက်မှ စစ်ကြောင်းတက်လာသည့် စစ်ကောင်စီတပ်၊ နယ်ခြားစောင့်တပ် -BGF ပူးပေါင်းတပ်နှင့် KNLA တပ်ရင်း ၂၇ ပူးပေါင်းတပ်ဖွဲ့တို့အကြား ဖေဖော်ဝါရီလ ၁၃ ရက်ညက တိုက်ပွဲဖြစ်ပွားလျက်ရှိသည်ဟု သိရသည်။

ထိုတိုက်ပွဲအတွင်း စစ်ကောင်စီဘက်မှ ၅ ဦးသေဆုံးပြီး ၇ ဦးဒဏ်ရာရရှိသလို KNLA ပူးပေါင်းအဖွဲ့ဘက်မှလည်း ထိခိုက်ဒဏ်ရာရသူ အချို့ ရှိကြောင်း မြေပြင်သတင်းအရင်းအမြစ်များက ပြောသည်။

အဆိုပါ တိုက်ပွဲများဖြစ်ပွားနေမှုကြောင့် လေးကေကော် ဒေသစစ်ဘေးရှောင်များမှာ ဆုံဆည်းမြိုင်၊ ကျောက်ခက် ၊ ကဆောဝါးလေးတောင်ကုန်း ၊ သေ့ဘောဘိုး၊ ဝါးတောနေရာများတွင် အစုအဖွဲ့အလိုက် စစ်ဘေးရှောင် မိသား စုရာချီ၍ နေထိုင်နေကြရသည်ဟု သိရှိရသည်။

ထိုစစ်ရှောင်များသည် ထိုင်းနိုင်ငံမဲဆောက်မြို့ဘက်မှ လာရောက်ကူညီထောက်ပံ့သည့် အစားအသောက် ရိက္ခာ၊ ဆေးဝါးအသုံးအဆောင်များကိုသာ မှီခိုမှုဝေစားသောက် နေကြရကြောင်း၊ တစ်ကျော့ပြန် တိုက်ပွဲများရက်ဆက်ဖြစ်ပွားလာပါက စစ်ဘေးလွတ်ရာ ဆက်လက်တိမ်းရှောင်ရန် အသင့်ပြင်ဆင်ထားနေရကြောင်း စစ်ဘေးရှောင်နေသည့် ထီးမယ်ဝါးခီး ရွာသားများက ပြောသည်။

https://kicnews.org/2022/02/လေးကေကော်တိုက်ပွဲ-နှစ်လ/

-----------------------------------------------------------------------------------------------

## လေးကေ့ကော်အနီးတိုက်ပွဲ စစ်ကောင်စီလေကြောင်းသုံးတိုက်ခိုက်

16 ဖေဖော်ဝါရီ၊ 2022 | အေးအေးမာ

ကရင်ပြည်နယ် KNU-ကရင်အမျိုးသားအစည်းအရုံး တပ်မဟာ ၆ ထိန်းချုပ်ရာနယ်မြေဖြစ်တဲ့မြဝတီခရိုင် လေးကေ့ကော်အနီး ဖလူးလေးရွာဘက်မှာ -KNLA ကရင်အမျိုးသားလွတ်မြောက်ရေးတပ်၊ ပြည်သူ့ကာကွယ်ရေးတပ်စတဲ့ ပူးပေါင်းတပ်ဖွဲ့တွေနဲ့စစ်ကောင်စီတပ်တွေကြား မနေ့ကစပြီးတိုက်ပွဲတွေပြန်ဖြစ်နေပါတယ်။ ဒီကနေ့မှာတော့ စစ်ကောင်စီဘက်က ရဟတ်ယာဉ်တွေနဲ့လေကြောင်းကနေ တိုက်ခိုက်နေတာကြောင့် စစ်ဘေးရှောင်ဒုက္ခသည်တွေလည်း ထပ်ပြီး ထွက်ပြေးလာနေကြပါတယ်။ ဒီသတင်းကို ဗွီအိုအေ သတင်းထောက် မအေးအေးမာက သတင်းပေးပို့ထားပါတယ်။

ကရင်ပြည်နယ် KNU-ကရင်အမျိုးသားအစည်းအရုံး တပ်မဟာ ၆ ထိန်းချုပ်ရာ နယ်မြေဖြစ်တဲ့ မြဝတီခရိုင် လေးကေ့ကော်အနီး ဖလူးလေးရွာဘက်မှာ -KNLA ကရင်အမျိုးသားလွတ်မြောက်ရေးတပ်၊ ပြည်သူ့ကာကွယ်ရေးတပ်စတဲ့ ပူးပေါင်းတပ်ဖွဲ့တွေနဲ့စစ်ကောင်စီတပ်တွေကြားမှာ ဖေဖေါ်ဝါရီလ ၁၅ ရက်နေ့ကစပြီးတိုက်ပွဲတွေပြန်ဖြစ်နေပါတယ်။

ဒီကနေ့ ဖေဖေါ်ဝါရီလ ၁၆ ရက်နေ့မှာလည်း နှစ်ဘက်တိုက်ပွဲတွေဖြစ်နေကြောင်း၊ စစ်ကောင်စီဘက်က လေကြောင်း တိုက်ခိုက်မှုတွေရှိတယ်လို့ ပြည်သူကာကွယ်ရေးတပ်ဖွဲ့ ခေါင်းဆောင်တဦးဖြစ်တဲ့ ကိုစောမွန်က ပြောပြပါတယ်။

"ကျနော်တို့ဘက်က KNLA က တပ်ရင်း ၂၇ PDF တပ်ပါတယ်။ ခလရ ၅၆၀ နဲ့လေးကေ့ကော်မှာတပ်စွဲထားတဲ့တပ်ပဲ။ ဖလူးမှာတိုက်ပွဲဖြစ်နေတယ်။ မနေ့တုန်းက စဖြစ်ပါတယ်။ ဒီကနေ့လည်း တနေကုန် ပစ်နေပါတယ်။ နေ့လယ်က လက်နက်ကြီးတွေနဲ့ပစ်တယ်။ ဖလူးစာသင်ကျောင်းနဲ့ဘုန်းကြီးကျောင်းနားမှာပေါ့နော်။ တိုက်ပွဲတွေအကြီးအကျယ်ဖြစ်နေတယ်။

လေးကေ့ကော် အမြောက်ကုန်းကနေလည်း ဖလူးဘက်ကို လှမ်းပစ်တယ်။ ရမ်းသမ်းပစ်တာပေ့ါနော်။ အခုချိန်ထိ ပစ်နေတုန်းပဲ။ ပထမကင်းထောက်တာက လေယာဉ်နဲ့ကင်းထောက်ပြီး ရဟတ်ယာဉ်နဲ့လာပစ်သွားတယ်။"

ဖေဖော်ဝါရီလ ၁၆ ရက်နေ့မှာတော့ ဒုက္ခသည်တွေ ပုန်းခိုနေတဲ့နေရာတွေနား ရဟတ်ယာဉ်နဲ့ ပစ်ခတ်နေတာကြောင့်လည်း သောင်ရင်းမြစ်ကမ်းနားကို ဒုက္ခသည်တွေထပ်တိုးလာနေတယ်လို့ ဒုက္ခသည်တွေကို အစားအသောက်အကူညီပေးနေသူတဦးကလည်းပြောပါတယ်။

"တိုက်ပွဲတွေကဖြစ်နေတုန်းပဲ။ မနက်ကလည်းဖြစ်နေတယ်။ ညနေလည်း ရဟတ်ယာဉ်နဲ့လာပစ်တယ်။ စစ်ဘေးရှောင်က မနေ့ကညနေထိတော့ မယ့်ကိုကင်းတစုလေးမှာပဲ ၁,၆၅၀ လောက်ရှိတယ်။အခုထပ်ပြေးလာတယ်ဆိုတော့ ၂ ထောင်ကျော်သွားမယ်။ အဲဒါက မယ့်ကိုးကင်းကျေးရွာတဝိုက် တစုလေးကိုပဲပြောတာ။ ကျန်တဲ့နေရာတွေမှာရှိသေးတယ်။ ကျောက်ခက်တို့၊ ဝါးလေးဘက်တို့ဘက်မှာလည်းရှိတယ်။"

နှစ်ဘက်တိုက်ပွဲတွေကြောင့်ကော နေ့စဉ် စစ်ကောင်စီဘက်က လက်နက်ကြီးနဲ့ပစ်ခတ်တာကြောင့်ပါ စစ်ဘေးရှောင်တွေဟာ သူတို့ကျေးရွာတွေကို အခုထိမပြန်နိုင်ကြသေးဘဲ တဖြည်းဖြည်းနေရာပြောင်းရွှေ့ရင်းနဲ့ သေဘောဘိုးဆိုတဲ့နေရာမှာ အစုအဝေးနဲ့ ရောက်နေကြတယ်လို့လည်း ကိုစောမွန်ကပြောပါတယ်။

"စစ်ဘေးရှောင်တွေလည်း ဒုက္ခရောက်နေတာပေ့ါ။ အခုစစ်ဘေးရှောင်တွေက သေဘောဘိုးတို့၊ ဆုံဆည်းမြိုင်တို့ဘက်မှာပဲ သွားပြီးစုပြုံနေရတယ်။ ထိုင်းဘက်ကမ်းက ပို့တဲ့ဟာလေးတွေပဲ စားပြီးနေနေရတယ်။"

ကရင်ပြည်နယ် မြဝတီခရိုင် လေးကေ့ကော်မြို့သစ်အတွင်းမှာ ခိုလှုံနေတဲ့ လွှတ်တော်အမတ် ၂ ဦးနဲ့ စစ်အာဏာသိမ်းတာကို ဆန့်ကျင်တဲ့တက်ကြွလှုပ်ရှားသူတွေ၊ အကြမ်းမဖက် အာဏာဖီဆန် CDM လုပ်ထားတဲ့ ဝန်ထမ်း တွေပါတဲ့ လူ ၂၀ ကျော်ကို စစ်ကောင်စီတပ်တွေက ပြီးခဲ့တဲ့နှစ် ဒီဇင်ဘာ ၁၄ ရက်မှာ ဝင်ရောက်ဖမ်းဆီးခဲ့ပါတယ်။ နောက်တရက် ဒီဇင်ဘာလ ၁၅ ရက်နေ့ကစလို့ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်အပါအဝင် ကရင်အမျိုးသားကာကွယ်ရေးတပ် NUG လက်အောက်ခံ ပြည်သူ့ ကာကွယ်ရေးတပ်စတဲ့ ပူးပေါင်းတပ်ဖွဲ့တွေနဲ့ စစ်ကောင်စီတပ်တွေဟာ တိုက်ပွဲတွေ ဖြစ်ခဲ့ပါတယ်။

https://burmese.voanews.com/a/myanmarviolence-karenfighting-knu-voaburmese-pdf-ဖလူးေလးရြာ-ေသဘာေထာ-ကိုေစာမြန္-ေလေၾကာင္းတုိက္ခုိက္-ေလးေကေကာ္-ေသာင္ရင္းျမစ္-ဗီြဒီိုေအာ/6443973.html

----------------------------------------------------------------------------------------------------

## မိုးငြဲမြို့တွင်းတိုက်ပွဲဖြစ်ပွား

16 ဖေဖော်ဝါရီ၊ 2022 | ဆုမွန်

ရှမ်းပြည်တောင်ပိုင်း မိုးငြဲမြို့ထဲမှာ စစ်ကောင်စီတပ်နဲ့ ပြည်သူ့ကာကွယ်ရေးတပ်တွေအကြား ဒီကနေ့ တိုက်ပွဲဖြစ်ပွားပြီး မြို့ခံတွေ ဘေးလွတ်ရာကို ထွက်ပြေးတိမ်းရှောင်ရပါတယ်။ မိုးငြဲမြို့ထဲကို စစ်ကောင်စီတပ်တွေ ဝင်ရောက်နေရာယူပြီး ပြည်သူ့ ကာကွယ်ရေးတပ်တွေရှိရာကို လက်နက်ကြီးတွေပစ်ခတ်နေတယ်လို့ ဒေသခံတွေကပြောပါတယ်။ ရန်ကုန်က ပေးပို့ထားတဲ့ သတင်းကို မဆုမွန်ကတင်ပြပေးထားပါတယ်။

မိုးငြဲမြို့ထဲ ပေါ်ဦး (၁) ရပ်ကွက်မှာ ပြည်သူ့ကာကွယ်ရေးတပ်နဲ့ စစ်ကောင်စီတို့ကြား ဒီနေ့မနက်ပိုင်း တိုက်ပွဲတကြိမ်ဖြစ်ပွားပြီး အခု ညနေပိုင်းတကြိမ် ဆက်လက် တိုက်ပွဲပြင်းထန်နေတယ်လို့ မိုးငြဲမြို့ခံတဦးက ပြောပါတယ်။

"ကျနော်တို့ကသိတဲ့အချိန်က ပုန်း..ပုန်း..ပုန်း…ဆို။ ပစ်နေတဲ့အချိန်က ၁၁ နာရီခွဲကတည်းက ပစ်ပါတယ်။ ပထမတချီက ပြီးသွားပြီ။ အခုမှ ပြန်လည်ပြီးတော့ အသည်းအသန် ဖြစ်နေတယ်ခင်ဗျ။ လက်နက်ကြီးတွေနဲ့

တဂျုန်းဂျုန်းနဲ့ပဲ။ ကျနော် တို့ရပ်ကွက်ထဲမှာ ပစ်ခတ်တိုက်ခိုက်မှုဖြစ်တဲ့အခါကျတော့ ကျနော်တို့ ဝက်ရော ကြက်ရော အစာတွေငတ်တယ်။ လူရော ဘာဖြစ်လဲ။ ဟို…မနက် ၁၁ နာရီခွဲကတည်းက ပေါ့နော်။ အခုထိက ထမင်းမစားရတဲ့ ပြည်သူလူထုလည်း အများကြီးရှိပါတယ်။ အကုန်လုံးကြောက်လန့်ကြတယ်ခင်ဗျ။"

စစ်ကောင်စီတပ်တွေဟာ မနေ့တုန်းက တင့်ကားတွေနဲ့ စစ်အင်အားအမြောက်အများနဲ့ မိုးပြဲမြို့ကို စစ်ကြောင်းဆင်းလာပြီး နေရာအနှံ့မှာ တပ်စွဲနေရာယူထားတယ်လို့ ဒေသခံတွေက ပြောပါတယ်။ အဲ့ဒီနောက် ဒီနေ့ မနက်ပိုင်းမှာ ဒေသခံကာကွယ်ရေးတပ်နဲ့ ထိတွေ့ပစ်ခတ်တိုက်ခိုက် ဖြစ်ပွားတာလို့ ပြောပါတယ်။

မိုးပြဲမြို့ထဲ ဒေသခံကာကွယ်ရေးတပ်တွေ ရှိမယ်လို့ ထင်တဲ့နေရာဘက် စစ်ကောင်စီက လက်နက်ကြီးတွေနဲ့ တောက်လျှောက် ပစ်ခတ်နေတယ်လို့ စစ်ဘေးရှောင်ကူညီပေးသူတဦးက ပြောပါတယ်။

"မနေ့က နေ့လယ်ခင်းကတည်းက စစ်ကြောင်းက ဒီမိုးပြဲခြေမြန်တပ်ရင်း ခမရ ၄၂၂ ကနေ စစ်ကောင်စီကလည်း မိုးပြဲမိုးထဲကို ဆင်းလာတယ်။ နောက် လွိုင်ကော်ကလည်း စစ်ကြောင်းတက်လာတယ်ပေါ့။ ဒီမိုးပြဲဘက်ကို တင့်ကားတွေနဲ့ တက်တာပေါ့။ တင့်ကား ၃ စီးနဲ့လည်း တက်တယ်။ လူအင်အားအများအပြားနဲ့ပေါ့နော်။ နောက် ဒီမနက်မှပေါ့။ ဒီမနက် ၁၀ နာရီခွဲဝန်းကျင်လောက်မှ ပစ်ခတ်မှုတွေ ဖြစ်လာတယ်ပေါ့။ ဒီနာရီဝက် တနာရီဝန်းကျင်လောက်တော့ သူတို့အပြန်အလှန် ပစ်ခတ်တယ်။ နောက်မှ နောက်ပိုင်းခါကျတော့ သူတို့ လက်နက်ကြီးနဲ့ပဲ ပစ်တာများတယ်။ စစ်ကောင်စီဘက်က ဒီလက်နက်ကြီးနဲ့လည်း မြို့ထဲကို လှမ်းထုတာပေါ့နော်။ သူတို့ သံသယရှိတဲ့ နေရာကို သူတို့ လက်နက်ကြီးနဲ့ လှမ်းထုတယ်။ အခုချိန်ထိလည်း လှမ်းထုတုန်းပါပဲ။"

စစ်ကောင်စီအဖွဲ့က မိုးပြဲမြို့ဘက်ကို စစ်ကြောင်းတက်လာပြီး နေရာတော်တော် များများမှာ ဝင်ရောက်စီးနင်းချိန် မိုးပြဲဒေသခံကာကွယ်ရေးတပ်နဲ့ ထိတွေ့တိုက်ပွဲဖြစ်ခဲ့တယ်လို့ မိုးပြဲမြို့နယ် ပြည်သူ့ကာကွယ်ရေးတပ် ပြန်ကြားရေးတာဝန်ခံက ပြောပါတယ်။

"မနေ့က စနေတယ်။ ဒီရက်ကတော့ သူတို့ကို မြို့ထဲမနေဖို့ မနေ့ကနေစပြီး သတိပေးတယ်။ သူတို့က ပြင်လို့မရတာနဲ့ ဒီရက်ကတော့ ထိတွေ့မှုတွေတော့ စဖြစ်တယ်ခင်ဗျ။ အခုလောလောဆယ်တော့ ထိတွေ့မှုတော့ ဖြစ်နေဆဲလို့ပဲ ပြောလို့ရတယ်ခင်ဗျ။ စစ်ကောင်စီဘက်ကတော့ လက်နက်ကြီးတွေနဲ့တော့ ထုနေတယ်။"

အခုလို လက်နက်ကြီးတွေနဲ့ ပစ်ခတ်မှုကြောင့် ဒေသခံတွေ အိုးအိမ်စွန့်ခွာ ဘေးလွတ်ရာ ထွက်ပြေးရှောင်တိမ်းလာသူတွေရှိသလို မြို့ထဲမှာ ပိတ်မိနေသူတွေလည်း အများအပြားကျန်ရှိနေတယ်လို့ စစ်ဘေးရှောင်ကူညီပေးသူက ဆိုပါတယ်။

"ဒေသခံတွေက ရှောင်တိမ်းနေကြတာပေါ့။ အခုထိ မြို့ထဲမှာ ပိတ်မိနေတဲ့လူတွေ အများကြီးပါပဲ။ တချို့ ဒီမြို့အပြင်နားလောက် ရှိတဲ့လူတွေကတော့ မြို့နဲ့ သူတို့ စွန့်ခွာလို့ ရတာပေါ့။ ဒါပေမယ့် မြို့ထဲအတွင်းရှိနေတဲ့ လူတွေကကျတော့ မထွက် လာနိုင်တဲ့ လူတွေ အများကြီး ကျန်ပါသေးတယ်။ တိုက်ပွဲက ရှိတဲ့အခါကျတော့ သူတို့ မထွက်လာနိုင်ရဲဘူးပေါ့နော်။"

လတ်တလော မိုးပြဲတိုက်ပွဲနဲ့ ပတ်သက်လို့ စစ်ကောင်စီဘက်ကတော့ တစုံတရာ ထုတ်ဖော်ပြောဆိုတာမျိုး မရှိသေးပါဘူး။

၂၀၂၁ ခုနှစ် စစ်တပ်က အာဏာသိမ်းပြီးတဲ့နောက်ပိုင်း စစ်ကောင်စီနဲ့ ဒေသခံကာကွယ်ရေးအဖွဲ့တွေကြား ကယားပြည်နယ်အပါအဝင် မြန်မာနိုင်ငံနေရာတချို့မှာ ဒီကနေ့အထိ တိုက်ပွဲဖြစ်နေတာပါ။ မိုးပြဲမြို့ထဲမှာ တိုက်ပွဲဖြစ်တာ ဒါနဲ့ဆိုရင် ၃ ကြိမ် ရှိသွားပြီးဖြစ်ပါတယ်။ ဒေသအခြေအနေ တည်ငြိမ်ရင် နေရပ်ကို ပြန်လာလိုက်၊ အခြေအနေဆိုးရင် ဘေးလွတ်ရာကို ပြန်ပြေးလိုက်နဲ့ မြို့ခံ ဒေသခံတွေဟာ အခုလို မကြာမကြာ စစ်ဘေးတိမ်းရှောင်နေကြရပါတယ်။

https://burmese.voanews.com/a/myanmarviolence-myanmarmilitarycoup-voaburmese-မိုးၿပဲ-စစ္ေကာင္စီတပ္-ျပည္သူ႔ကာကြယ္ေရးတပ္-ေပၚဦး(၁)ရပ္ကြက္-ဗိုလ္ဆိုေအ-/6443906.html

---

## ကိုးကန့်တပ်ဖွဲ့ တည်ထောင်သူကွယ်လွန်

သတင်းနှင့် မီဒီယာကွန်ရက်။ ဖေဖော်ဝါရီလ ၁၆ ရက်၊ ၂၀၂၂ ခုနှစ်။




ကိုးကန့်တပ်ဖွဲ့ လို့ လူသိများတဲ့ မြန်မာ အမျိုးသားဒီမိုကရက်တစ် မဟာမိတ် တပ်မတော် MNDAA တည်ထောင်သူနဲ့ ဥက္ကဌ ဟောင်းဖြစ်သူ ဦးဖုန်ကြားရှင် ဒီကနေ့ မနက်ပိုင်းမှာ ကွယ်လွန်သွားခဲ့တယ်လို့ MNDAA က ထုတ်ပြန်ကြေညာခဲ့ပါတယ်။

အသက် ၉၁ နှစ်ရှိပြီဖြစ်တဲ့ ဖုန်ကြားရှင်ဟာ သာမန် လူကြီးရောဂါနဲ့ပဲ ကွယ်လွန်ခဲ့တာ ဖြစ်တယ်လို့ MNDAA က ပြောပါတယ်။

ဖုန်ကြားရှင်ဟာ လက်နက်ကိုင်တော်လှန်ရေး ဘ၀ကို ၁၉၆၅ ခုနှစ်မှာ စတင်ခဲ့တာဖြစ်ပါတယ်။ ပထမဆုံး ဂျင်မီယန်း ဦးဆောင်တဲ့ ကိုးကန့် ပြည်သူ့ တော်လှန်ရေး တပ်မတော်မှာ အရာရှိ အဆင့်အထိ တာဝန်ထမ်းဆောင်ခဲ့ပါတယ်။

၁၉၆၉ ခုနှစ်မှာတော့ ဗမာပြည်ကွန်မြူနစ် ပါတီနဲ့ ပူးပေါင်းခဲ့ပါတယ်။

၁၉၈၉ ခုနှစ် မတ်လ အတွင်းမှာ ဗမာပြည်ကွန်မြူနစ်ပါတီကို တော်လှန်ပြီး မြန်မာ အမျိုးသား ဒီမိုကရေစီ မဟာမိတ် တပ်မတော် (MNDAA) ကို ဖွဲ့စည်းပြီး ဦးဆောင်ခဲ့ပါတယ်။ ကိုးကန့်အဖွဲ့ဟာ ဗမာပြည်ကွန်မြူနစ်ပါတီကို တော်လှန်ခဲ့တဲ့ ပထမဆုံး တိုင်းရင်းသား တပ်ဖွဲ့ ဖြစ်ပါတယ်။

MNDAA ကို ဖွဲ့စည်းပြီးနောက်မှာ အဲဒီအချိန်မှာ ရှိနေတဲ့ မြန်မာစစ်အစိုးရနဲ့ အပစ်အခတ်ရပ်စဲရေး သဘောတူခဲ့ပြီး မူးယစ်ဆေးဝါးကို တရားဝင်နီးပါး လုပ်ကိုင်ခွင့်ရခဲ့လို့ ဘိန်းရာဇာ တစ်ဦးအနေနဲ့လည်း နာမည်ကျော်ကြားခဲ့ပါတယ်။

၂၀၀၉ ခုနှစ်မှာ စစ်တပ်နဲ့ တိုက်ပွဲ ဖြစ်ပြီး တရုတ်နိုင်ငံမှာ ထွက်ပေးခိုလှုံနေခဲ့ပါတယ်။ ၂၀၁၅ ခုနှစ်မှာတော့ MNDAA တပ်မတော်ကို ပြန်လည် ဖွဲ့စည်းခဲ့ပြီး မြန်မာစစ်တပ်ကို ဆက်လက်တော်လှန်နေရင်း ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၁၆ ရက်မှာ ကွယ်လွန်သွားခဲ့တာ ဖြစ်ပါတယ်။

https://www.nmg-news.net/2022/02/16/17808

---